စိတ်ကူးချိုချိုအနုပညာ

# မန်းတင်

# ထိုသုံးနှစ်


## နှင့် အခြားဝတ္ထုတိုများ



mgyoe.com

mgyoe.com

စာရေးဆရာကြီးမန်းတင်၏
နာမည်ကျော်လက်ရာ ထိုသုံးနှစ် စာအုပ်အား
ဆရာကြီး၏ ထိုခေတ်ကာလနောက်ခံ
ဝတ္ထုတို ၃ ပုဒ် ဖြည့်စွက်ထုတ်ဝေခြင်း။



nw0063
1800.00 Ks

mgyoe.com

mgyoe.com

ထိုသုံးနှစ်နှင့်အခြားဝတ္ထုတိုများ။ မန်းတင်
တမျက်နှာ ၁၄၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပြည့်စွက်ပုံနှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၄၅ ခေတ်ဆန်းစာပုံနှိပ်တိုက်၏ပထမအကြိမ်မူ၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ထိုသုံးနှစ်

## နှင့်အခြားဝတ္ထုတိုများ

## မန်းတင်

ဆရာကြီး၏ 'ထိုသုံးနှစ်' စာအုပ်အား
အခြားဝတ္ထုတို ၃ ပုဒ် ထပ်မံဖြည့်စွက်
ပုံနှိပ်ပါသည်။

ဖြည့်စွက်ထုတ်ဝေခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com

ကျွန်ုပ်၏မိဘများဖြစ်ကြသော
ကိုကိုကျော် မမသန်း
တို့အား
ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ဒဂုန်တာရာ၏အမှာ | (က) |
| ၁။ | စစ်၏နိဒါန်း | ၁ |
| ၂။ | ဘီ အိုင် အေ ခေတ် | ၂ |
| ၃။ | ခေတ်ပျက်အယ်ဒီတာ | ၃ |
| ၄။ | ရန်ကုန်ဆိပ်ကမ်း | ၇ |
| ၅။ | ဗဟိုစစ်ရုံးချုပ် | ၁၁ |
| ၆။ | မီးပွား | ၁၃ |
| ၇။ | မလွတ်လပ်သော လွတ်လပ်ရေး | ၁၇ |
| ၈။ | "ဘမော် ဘဦးတို့က ရှုပ်သနော်" | ၁၉ |
| ၉။ | မမျှော်လင့်ဘဲလျက် | ၂၇ |
| ၁၀။ | လူထုနှင့်အစိုးရအရာရှိ | ၂၉ |
| ၁၁။ | ဗက်စပါးဂျပန်သူလျှို | ၃၆ |
| ၁၂။ | ကင်ပေတိုင်၏အစွယ်များ | ၃၇ |
| ၁၃။ | ဦးဘတင် | ၄၀ |
| ၁၄။ | ဝါဒဖြန့်ချိရေး(သို့မဟုတ်) မုသာဝါဒ | ၄၅ |
| ၁၅။ | နက်ရှိုင်းသောအမှောင်ထုရှိ ဗမာ | ၄၇ |
| ၁၆။ | တကယ့်ဝတ္ထု | ၆၁ |
| ၁၇။ | ဗမာ့ခုခံရေး | ၇၁ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၈။ | ကိုယ်ပျောက်တပ်သား | ၇၅ |
| ၁၉။ | ပြောက်ကျားစစ် | ၇၈ |
| ၂၀။ | လွတ်မြောက်ရေးသို့ | ၈၃ |
| ၂၁။ | တရေးရေး | ၈၇ |
| ၂၂။ | ခေတ်ပြောင်းချိန် | ၁၀၆ |
| ၂၃။ | မောင်းကျောက်မှန်သည် | ၁၂၃ |


❑

mgyoe.com

mgyoe.com

# အမှာ

ရာအကြိမ် ၂၀ ခြောက် နှစ်ပေါင်းစုဖြစ်သော သည်မျက်မှောက်ခေတ်၏ ရေမျက်နှာပြင်သည် ညအခါ မုန်တိုင်းဝယ် လှိုင်းတံပိုးတို့ လှုပ်ရှားထကြွခြင်းကြောင့် ယောက်ယက်ခတ်၍ နေသည်။

သည်လိုဆိုလိုက်ခြင်းသည် သည်မျက်မှောက်ခေတ်သစ်၏ အတ္ထုပ္ပတ္တိအကြောင်းအရာကို အကြမ်းအားဖြင့် ချုပ်၍ဝေဖန်ပြောလိုက်ခြင်းသာဖြစ်ပေသည်။ ညအခါ မုန်တိုင်းဝယ် အဘယ်လှိုင်းတံပိုးတို့သည် လှုပ်ရှားထကြွခြင်းကြောင့် သည်ခေတ်၏ရေမျက်နှာပြင်ကို ရုန်းရင်းဆန်ခတ်စေသနည်း။ အဘယ်သို့ လှိုင်းဂယက်ကလေးသည် ရေလယ်မှကမ်းစပ်ကျောက်ကမ်းပါးသို့ လာရောက်ရိုက်ခတ်ပေသနည်း။

သည်ခေတ်တွင်းဝယ် ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သော စစ်ပွဲကြီး ၂ပွဲသည်လည်း ကြောက်မက်ဖွယ်ရာ တိုက်ခိုက်ခဲ့ပြီ။ သည်ကမ္ဘာစစ်ကြီးတို့ စပ်ကြားစပ်ကြားတွင် ခြယ်လှယ်လွှမ်းမိုးသူနှင့် ခြယ်လှယ်လွှမ်းမိုးခြင်းခံရသူတို့သည် ပဋိပက္ခဖြစ်ကြသော တော်လှန်ရေးတိုက်ပွဲတို့လည်း ကမ္ဘာကြီးအနှံ့အပြားတွင် ဖြစ်ပွားခဲ့ပြီး ဖိနှိပ်သူကို ဖိနှိပ်ခြင်းခံရသူ

mgyoe.com

mgyoe.com



က ထောင်ထားခြားနားသော လွတ်လပ်ရေးတိုက်ပွဲတို့လည်း ကမ္ဘာကြီး၏ဒေသအသီးသီးတွင်ဆင်နွှဲခဲ့ပြီ။

သို့တည်းသာမဟုတ်။

ပထမကမ္ဘာစစ်ကြီးသည် အရင်းရှင်အချင်းချင်းအာဏာလု၍ နယ်ချဲ့အချင်းချင်း အားပြိုင်ကြသော နယ်ချဲ့စစ်ဖြစ်ပေသည်။ မနေ့တစ်နေ့က ဂျပန်တို့ လက်နက်ချသဖြင့် ပြီးဆုံးသွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးကား နယ်ချဲ့စစ်သာမဟုတ်။

ဒီမိုကရေစီပြည်သူ့အာဏာတို့ အောင်ပွဲရသော စစ်လည်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ ပထမဝက်ကား အရင်းရှင်စနစ်၏အချွန်ထက်ဆုံးဖြစ်သော ဖက်ဆစ်နှင့် ဒီမိုကရေစီတို့ တိုက်သောစစ်ပွဲဖြစ်ပေသည်။ သည်ပထမဝက်တွင် ဒီမိုကရေစီတို့ ရှုံးနိမ့်၍ ဖက်ဆစ်တို့က အောင်ပွဲသရဖူကို ဆောင်းခဲ့ပေသည်။

ဒုတိယဝက်တွင်ကား နယ်ချဲ့စစ်မှ ပြည်သူ့စစ်သို့ ပြောင်း၍သွားပေသည်။ ဖက်ဆစ်သည် သူတို့သိမ်းပိုက်သော တိုင်းပြည်နယ်များကို ကြမ်းကြုတ်ရက်စက်စွာ အုပ်ချုပ်သည်။ ဖက်ဆစ်သည် ယဉ်ကျေးမှုဟူသမျှ၊ ငြိမ်းချမ်းမှုဟူသမျှကို ဖျက်ဆီးပစ်လေသည်။ သည်အခါဝယ် ဖက်ဆစ်လူရိုင်းစနစ်ကို ပြည်သူတို့သည် တွန်းလှန်ကြပေသည်။

ပြည်သူတို့သည် ဖက်ဆစ်ကို တွန်းလှန်တိုက်ခိုက်ရန် မဟာမိတ်နိုင်ငံပေါင်းစုံနှင့် ပူးပေါင်းကြလေသည်။ ဥရောပတွင် ဖက်ဆစ်ဂျာမဏီကို ခုခံတိုက်ခိုက်သော ပြည်သူကို ဆိုရှယ်လစ်ရုရှား၏ ပြည်သူ့တပ်နီတော်က ကူညီပေးသည်။ အရှေ့အာရှတွင် ဖက်ဆစ်ဂျပန်ကို ခုခံတိုက်ခိုက်သော ပြည်သူကို အင်္ဂလိပ်၊ အမေရိကန်က ကူညီပေသည်။

အမှန်အားဖြင့် အရင်းရှင်ဒီမိုကရေစီဖြစ်သော အင်္ဂလိပ် အမေရိကန်တို့သည် ပြည်သူ့အာဏာလွှမ်းမိုးလာခြင်းကို မလိုလားကြပေ။ သူတို့သည် ဖက်ဆစ်ကိုတိုက်သော်လည်း သူတို့တွင် ဖက်ဆစ်အစအနများဖြင့် စွန်းပေ၍နေပေသည်။ သူတို့သည် ဖက်ဆစ်ဖြစ်သွားနိုင်စရာ အကြောင်းရှိပေသည်။

သို့သော် သည်စစ်တွင် ဖက်ဆစ်ကိုခုခံရေး၌ အင်အားကြီးမား၍လာ

mgyoe.com

mgyoe.com


သော ပြည်သူ့အာဏာကိုကား မည်သို့မျှမပြုနိုင်ပေ။ လူထု၏အားကို မဝံ့ပေ။

ကမ္ဘာအနှံ့အပြားတွင် ဖက်ဆစ်ခုခံရေးအားသည် ဒီရေယဉ်သို့ တသွင်သွင်စီးတက်၍နေပေသည်။ သည်ဖက်ဆစ်ခုခံရေးသည် ပြည်သူ၏အား လူထု၏အားဖြစ်ပေသည်။

နောက်ဆုံးတွင် ဖက်ဆစ်တို့ကျဆုံး၍ မဟာမိတ်တို့က အောင်ပန်းကို ဖူးပွင့်လိုက်လေသည်။ သူတို့နှင့်အတူ ပြည်သူသည်လည်း အောင်ပန်းကို ရလိုက်ပေသည်။ ဥရောပတွင် ပြည်သူ့အစိုးရများကို ဝံ့ဝံ့ကြွားကြွား တည်ထောင်ကြပေပြီ။ အာရှတိုက်တွင် ပြည်သူ့အစိုးရတည်ထောင်ရေးကို ရှေးရှုကာ ချီတက်သော မျိုးချစ်တပ်ဦးသည် စည်းလုံးခိုင်မာစွာရှိပေပြီ။ ပြည်သူ့အာဏာသည်တစ်ခဲနက်လျှင် ကြီးမားသော အင်အားထုနှင့်ပြည့်စုံပေပြီ။

ဟုတ်သည် ပြည်သူ့စစ်။

[ ၂ ]

သည်ပြည်သူ့စစ်ကို မြန်မာတို့လည်းဆင်နွှဲခဲ့ပေသည်။

မြန်မာပြည်သည် ဒုတိယကမ္ဘာစစ်ကြီး၏ပထမဝက်တွင် ဖက်ဆစ်ဂျပန်တို့ကြွေးကြော်သော မဟာအရှေ့အာရှ အတူကြီးပွားရေးစက်ဝိုင်းကြီးအတွင်းသို့ ကျရောက်ခဲ့လေသည်။

ဖက်ဆစ်၏ကြမ်းကြုတ်ရိုင်းစိုင်းသောစနစ်သည် မြန်မာလူထုကြီးအားစော်ကားနှိပ်စက်လေသည်။ ထိုအခါ မြန်မာလူထုသည် အံ့သြဖွယ်ကောင်းလောက်အောင် စည်းရုံး၍ ဖက်ဆစ်ခုခံရေးကို ပြုကြလေသည်။ ဖက်ဆစ်ခုခံရေးတွင် မဟာမိတ်တို့နှင့် ပေါင်းကြလေသည်။

သုံးနှစ်ကာလပတ်လုံး မြန်မာလူထုသည် ကြီးမားသော ပြည်သူစည်းရုံးရေးဖက်ဆစ်ခုခံရေးတို့ကို ပြုပြီးလျှင် နောက်ဆုံး၌ ဖက်ဆစ်ကို ရာဇဝင်တွင်မြောက်စွာ တွန်းလှန်တိုက်ခိုက်ကာ အောင်မြင်ခြင်းအဖြစ်သို့ ရောက်ခဲ့လေသည်။

ဤသို့လျှင် မြန်မာတို့သည် ပြည်သူ့စစ်ကို ဆင်နွှဲခဲ့ပေသည်။

mgyoe.com

mgyoe.com



[ ၃ ]

သည်"ထိုသုံးနှစ်"စာအုပ်၏ သည်သုံးနှစ်သည် ရာဇဝင်အားဖြင့်လည်းကောင်း၊ နိုင်ငံရေးရာအားဖြင့်လည်းကောင်း များစွာအရေးကြီးကာနယ်ချဲ့စစ်မှ ပြည်သူ့စစ်သို့ ပြောင်းလဲသွားသည့်ကာလ ဖက်ဆစ်ခုခံရေးကို မြန်မာလူထုပြုခဲ့သော ကာလဖြစ်ပေသည်။

ထို့ကြောင့် သည်"ထိုသုံးနှစ်"သည် များစွာမှပင် ထူးခြားခြင်းနှင့် ပြည့်စုံပေသည်။

သည်"ထိုသုံးနှစ်"စာအုပ်သည် ပြည်သူ့စစ်ကိုဆင်နွှဲခဲ့သော မြန်မာပြည်မှ တစ်နေရာတစ်ဒေသ၏အဖြစ်အပျက်ကို ဖော်ပြထားလေသည်။ သည်အဖြစ်အပျက်ကား မြန်မာပြည်သို့ ဖက်ဆစ်စနစ် ဝင်ရောက်လာခြင်းနှင့် စတင်၍ ဖက်ဆစ်စနစ် ဆိုးဝါးပုံ၊ ယုတ်မာပုံကို မဏ္ဍိုင်ပြုပြီး မြန်မာ့ပြောက်ကျားတပ်အကြောင်းနှင့် ဖက်ဆစ်ခုခံရေးကို နောက်ဆုံးနိဂုံးချုပ်ပြောပြလေသည်။

အကြမ်းအားဖြင့် ဘီအိုင်အေခေတ် မြန်မာ့လွတ်လပ်ရေးတပ်မတော်ခေတ်မှ မျိုးချစ်မြန်မာ့တပ်မတော်ခေတ်အထိ အကြောင်းအရာများကို ဖော်ပြထားပေသည်။

[ ၄ ]

သည်"ထိုသုံးနှစ်" စာအုပ်ကို ရေးသူမန်းတင်သည် တက္ကသိုလ်မှ ဘီအေအောင်သူဖြစ်လေသည်။ သူသည် တက္ကသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဂန္ထလောက၊ ဒဂုန်မဂ္ဂဇင်း၊ နဂါးနီဂျာနယ်များတွင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကို ရေးသည်။ သူသည် ဂျပန်ခေတ်အဓိပတိအရှင်မင်းကြီးဒေါက်တာဘမော်လက်ထက်တွင် မြို့ပိုင်လုပ်၍ ယခုအင်္ဂလိပ်လက်ထက်တွင်လည်း မြို့နယ်အုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်လေသည်။

သူသည် "ထိုသုံးနှစ်"ကိုရေးရာ၌ ကွယ်လွန်သူ သိပ္ပံမောင်ဝအမည်ခံ အရေးပိုင်ဦးစိန်တင် အိုင်–စီ– အက်(စ်)၏ခေတ်စမ်းစာများရေးသော နည်းကိုယူလေသည်။

ထို့ကြောင့် သိပ္ပံမောင်ဝနှင့် မန်းတင်သည် ညီအစ်ကို တော်စပ်ကြ

mgyoe.com

mgyoe.com


သည်။ သူတို့စာထဲမှ မောင်လူအေးနှင့် မောင်ပြုံးချိုတို့သည်လည်း ဥပဒေအရ ညီအစ်ကိုတော်ကြပြန်လေသည်။

သိပ္ပံမောင်ဝ၏ မောင်လူအေးသည် ၁၉၄၀ ခု မတိုင်မီ ဒိုင်အာခီ မြန်မာပြည် ၉၁ ဌာန မြန်မာပြည် ဒေသအရပ်ရပ်သို့ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ လက်ထောက်အတွင်းဝန် အဖြစ်ဖြင့်လှည့်လည်ကာ နယ်အုပ်ချုပ်ရေး အစိုးရဝန်ထမ်းအဝလုပ်ကို ထမ်းဆောင်သည်။ မန်းတင်၏မောင်ပြုံးချိုသည် အင်္ဂလိပ်ခေတ် တက္ကသိုလ်နည်းပြဆရာအဖြစ်မှ ဖက်ဆစ်ဂျပန်ခေတ် ဘီအိုင်အေရုံးတို့တွင် ထမ်းရွက်သည့်အဖြစ် အရှင်မင်းကြီးဒေါက်တာဘမော်လက်ထက် မြို့ပိုင်(ဝါ) ချွေးတပ်စုပေးရသော ကူလီခေါင်းမြို့ပိုင် (ဝါ) နိုင်ငံရေးသမား ပေါက်စယောင်ယောင် ပရိသတ်ကို ညာလှိုင်းရသော တရားဟောဆရာ မြို့ပိုင်အဖြစ်စသော ဘဝမျိုးစုံကို ကရသူဖြစ် လေသည်။

မန်းတင်၏မောင်ပြုံးချိုသည် ခေတ်ပြောင်းခေတ်လွှဲစပ်ကြား အုပ်ချုပ်ရေးကိုတွေ့မြင်ရသည်။ မောင်ပြုံးချိုသည် အတွင်းဝန်ရုံးရှိ သား တူ ညီများ ကောင်းစားရေးဝါဒကိုလည်း သဘောပေါက်လာလေသည်။

ဖူဂျီယာမာတောင်၏သာယာလှပခြင်းကို ကြည်နူးတတ်သော၊ ဂျပန်ချယ်ရီ ပန်းနီပွင့်ကလေးကိုပန်၍ အပြုံးဖြင့်နှုတ်ဆက်တတ်သော ဂျပန်မများဟု ထင်မှတ်လျက်ရှိသော လက်ဖ်ကေဒီယိုဟန်း၏ ဂျပန်မဟုတ်ဘဲ "ဂျပန်သူလျှို" ဗက်စပါး၏ ဂျပန်ဖြစ်နေသည်ကိုလည်း မောင်ပြုံးချိုသည် သိ၍သွားလေသည်။

သိပ္ပံမောင်ဝ၏ မောင်လူအေးသည် ငြိမ်းချမ်းသောခေတ်က အင်္ဂလိပ်အစိုးရ၏ဝန်ထမ်းဖြစ်၍ မန်းတင်၏မောင်ပြုံးချိုသည် စစ်အတွင်းက ဂျပန်အစိုးရ၏ဝန်ထမ်းဖြစ်ပေသည်။ မောင်လူအေးသည် မာယာများလှသော အင်္ဂလိပ် ဗျူရိုကရေစီကွန်ရက်အောက်တွင် ရောင့်ရဲတင်းတိမ်စွာနေသည်။ မောင်ပြုံးချိုကား ဖက်ဆစ်စနစ်၏ ဆိုးဝါးခြင်းကိုမြင်တွေ့သည်။ မောင်ပြုံးချိုသည် ဗမာပြောက်ကျားတပ်ကို ကူညီအားပေးသည်။

မောင်ပြုံးချိုသည် သည်ပြည်သူ့စစ်ပွဲတွင် ဖက်ဆစ်ကို လျှမ်းလျှမ်းတောက် ခုခံတွန်းလှန်သော မြန်မာလူထုနှင့် ခုခံရေးအရေးတော်ပုံကို နောက်ဆုံးချီးကျူးလိုက်လေသည်။

mgyoe.com

mgyoe.com



# [ ၅ ]

"ထိုသုံးနှစ်"စာအုပ်ကို စာရေးသူမန်းတင်၏အတ္ထုပ္ပတ္တိသည် အရောင်ဟပ်ပေသည်။ ထို့ကြောင့် သည်စာအုပ်သည် အတ္ထုပ္ပတ္တိဆန်သည်ဟု ပြောရလိမ့်မည်။

သည်စာအုပ်သည် စစ်အတွင်းမြန်မာပြည်၏ ဒေသန္တရဆိုင်ရာ လူမှုဆက်ဆံရေး အခြေအနေကိုလည်း နောက်ကားခံ၍ ထားပေသေးသည်။ ဖက်ဆစ်၏အကျင့်စာရိတ္တကိုလည်း မြို့ပိုင်တစ်ဦးဘဝ၏ပတ်လည်ကို ယှက်လိမ်ရက်ဖောက်ကာ ရေးသားပေသည်။

သည်စာအုပ်သည် စစ်ဒဏ်ကို ပင်ပန်းကြီးစွာ ခံခဲ့ရသော မြန်မာပြည်၊ ပြည်သူ့စစ်အတွင်း ဖက်ဆစ်ခုခံရေးကို ပြုခဲ့သောမြန်မာပြည်၏"ထိုသုံးနှစ်" ခေတ်ကို အရိပ်ထင်ကာ ထောင်ပြထားသည့် မှန်တစ်ချပ်လည်းဖြစ်ပေသေးသည်။

သည်စာအုပ်သည် သူတစ်ဦး၏ဘဝ၊ သူတစ်ဦး၏အတ္ထုပ္ပတ္တိကို ပြောပြသောအလုပ်၊ ဖက်ဆစ်၏အကျင့်စာရိတ္တကို ခြယ်ရေးသော ပုံကားချပ်ကိုထောင်ပြသည့် အလုပ်နှင့် ပြည်သူ့စစ်ကို ဆင်နွှဲသည့် မြန်မာလူထုကြီးက ဖက်ဆစ်အား တွန်းလှန်လိုက်သော မြန်မာ့ဖက်ဆစ်ခုခံရေး ရာဇဝင်ကို အရိပ်ထင်သည့် ခေတ်ပြကြေးမုံအလုပ်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေသည်။

၁၀-၁၂-၄၅
ရန်ကုန်မြို့

ဒဂုန်တာရာ

mgyoe.com

mgyoe.com

# ထိုသုံးနှစ်

**၁။ စစ်၏နိဒါန်း**

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၈) ရက်နေ့ ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေညာသောနေ့။ တက္ကသိုလ်ကျောင်းတိုက်တစ်ခုလုံးသည် လှုပ်လှုပ်ရှရှဖြစ်နေလေသည်။ မကြာမီ တက္ကသိုလ်ကျောင်းကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ကြေညာလေသည်။

ကျူတာပေါက်စ မောင်ပြုံးချိုသည် ကျောင်းပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကြည့်မြင်တိုင် ဟသ်ာတလမ်းရှိ မိမိ၏အိမ်သို့ ပြန်ခဲ့လေသည်။

ညနေစောင်းတွင် အိမ်သားတစ်စုတို့ အစည်းအဝေးခေါ်ပြီးလျှင် ၁ နာရီခန့် ဆွေးနွေးကြပြီးနောက် မိန်းမများနှင့် ကလေးများအား ဗုံးဘေးကင်းဝေးမည့် နေရာသို့ ပို့ရန် ကန့်ကွက်သူမရှိ အများသဘောတူ ဆုံးဖြတ်ကြလေ၏။

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ကို ဂျပန်ဗုံးကြဲသည်။

× × ×

mgyoe.com

mgyoe.com

၂။ ဘီအိုင်အေခေတ်

စင်ကာပူလည်း ဂျပန်လက်တွင်းသို့ ကျဆင်းချေပြီ။

အင်္ဂလိပ်များလည်း မျက်ဖြူဆိုက်လျက် ရှိလေပြီ။

ဂျပန်တို့လည်း ရန်ကုန်မြို့နားသို့ နီးကပ်လျက်ရှိချေပြီ။ မောင်ပြုံးချိုတို့ ဖုံးရှောင်ရင်း ရောက်ရှိနေသော မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့မှလည်း အစိုးရအဖွဲ့သားများ ဆုတ်ခွာသွားကြလေပြီ။ နောက်တစ်နေ့တွင် ဗိုလ်အောင်မင်း၏ ဗမာ့တပ်တော်သားများသည် ထိုမြို့ကလေးကို ဝင်ရောက်သိမ်းပိုက်ပြီးဖြစ်လေ၏။

ဗိုလ်အောင်မင်း၏ နာမည်ကား မြစ်ဝကျွန်းပေါ်တစ်ဝိုက်တွင် ကြီးမားပါဘိသည်။ ဗိုလ်အောင်မင်းဆိုလျှင် လူတိုင်းကြောက်၏။ ကြည်လည်း ကြည်ညို၏။ ချစ်လည်း ချစ်၏။ ရိုလည်းရိုသေ၏။ ထိုနယ်တွင် သူရှိ၍သာ ငြိမ်ဝပ်ပိပြားတော့သည်။ သူ့သတင်းသည် သင်းပျံ့လှိုင်လှိုင် မွှေးကြိုင်လှပါပေ၏။

ဗိုလ်အောင်မင်းကို လူတိုင်းတွေ့လို မြင်လိုကြသည်။ မောင်ပြုံးချိုလည်း ထိုလူတိုင်းထဲတွင် တစ်ယောက်အပါအဝင် မဟုတ်ပါလော။

"ဗိုလ်အောင်မင်းဆိုတာ ဘယ်အရွယ်လောက်ရှိသလဲ"

မောင်ပြုံးချိုသည် ဗိုလ်အောင်မင်း၏တပည့်ရင်းဟု ကျော်ကြားကာ အရပ်ထဲတွင် မျက်နှာကြီးလှသော သူတစ်ယောက်ကို အရဲစွန့်၍ မေးလိုက်လေ၏။

"ဗိုလ်အောင်မင်းလား အသက်တော့လေးဆယ်ကျော်၊ ငါးဆယ်လောက်ရှိပါပြီ" ထိုသူက ခပ်အေးအေးဖြေလေသည်။

"ဩော် ဟုတ်လား"

မောင်ပြုံးချိုသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ "ခင်ဗျား သူ့ကို သေသေချာချာ မြင်ဖူးပြီလား။ ရုပ်ရည်က ဘယ်လိုလဲ၊ ဘယ်လိုအဝတ်အစားမျိုးကိုဝတ်သလဲ"ဟု မောင်ပြုံးချိုက စောဒကတက်ပြန်လေ၏။

သူသည် မောင်ပြုံးချိုအား သဘောမကျသကဲ့သို့ စွေကြည့်သည်။ "ငါကဲ့သို့ ဗိုလ်အောင်မင်းနှင့် အလွန်ရင်းနှီးသည့်ပုဂ္ဂိုလ်တစ်ယောက်အား ဗိုလ်အောင်မင်းကိုမြင်ဖူးသလောဟု မေးခြင်းသည် သက်သက်မဲ့ ရန်စ

mgyoe.com

mgyoe.com


သည်နှင့်တူတော့သည်” သဘောပိုက်မိဟန်တူ၏။

သူသည် မချောင်သော မျက်နှာထားနှင့် အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ “ကျွန်တော်မသိဘဲ နေပါ့မလားဗျ။ သူ့တပည့်ရင်း တစ်ယောက်ပဲဟာ” ဟု ရှုတည်တည်နှင့်ပြောလေသည်။

“မသိလို့ပါခင်ဗျာ” မောင်ပြုံးချိုက တောင်းပန်လေ၏။ “ကျွန်တော်တို့ဆရာကြီးက ဘယ်သူ့မှ သိပ်အတွေ့မခံဘူးဗျ။ သိပ်ပြီးတော့ တည်ကြည်တာပဲ။ သူဝတ်တော့ ပိတ်ဖြူပုဆိုး ဝတ်တယ်။ စိပ်ပုတီးကြီး လည်ပင်းဆွဲလို့။ ညဆိုရင် သူ့အခန်းထဲ ဘယ်သူမှ မဝင်ရဘူး။ ဒါပေမဲ့ ညတိုင်းညတိုင်း သူ့အခန်းထဲက စကားပြောသံ ကြားရတယ်။ အထက်ဆရာကြီးတွေနဲ့ စကားပြောနေတယ်လို့ ပြောတာပဲ။ ပြီးတော့ ကျွန်တော်တို့ ဗိုလ်ကြီးက ဓားလည်းပြီးတယ်။ တုတ်လည်းပြီးတယ်။ သေနတ်လည်းပြီးတယ်။ တစ်နေ့က ခြောက်လုံးပြူးသေနတ်ကို ပါးစပ်ထဲငုံပြီး ပစ်ပြတယ်၊ မီးမကူးဘူး”

“အလို . . . တယ်ဟုတ်ပါလား” မောင်ပြုံးချိုသည် အံ့သြခြင်းကြီးကာ အံ့သြလျက် ဘိုးဘိုးအောင်များ ဗမာလူမျိုးတို့ကို ကယ်မရန် ရောက်လာလေရော့သလား။

× × ×

## ၃။ ခေတ်ပျက်အယ်ဒီတာ

နောက်တစ်နေ့တွင် မောင်ပြုံးချိုသည် “စကြာသိုက်”စာအုပ်ကို အထူးစိတ်ဝင်စားကာ ဖတ်ရှုနေစဉ် အိမ်ပေါက်ဝတွင် လူတစ်ယောက်ရပ်လာပြီးလျှင် “ကိုပြုံးချိုရှိပါသလားခင်ဗျာ”ဟု မေးလေသည်။

“ရှိပါတယ်ခင်ဗျာ၊ ကျွန်တော်ပါပဲ”

မောင်ပြုံးချိုသည် စာအုပ်ကို ဘေးတွင် ရိုသေစွာချထား၍ ဖြေကြားလေ၏။

“ဗိုလ်အောင်မင်း အခေါ်ခိုင်းလိုက်လို့ပါ”

အလို ဘာကိစ္စများပါလိမ့်၊ အကယ်၍ ဗိုလ်အောင်မင်းသာ ဘိုးဘိုးအောင်ဖြစ်ပါမူ ငါ့အား အင်တီဘိုးဘိုးအောင်ဆိုပြီး ဖမ်းလျှင် ခက်ချေတော့မည်။

မောင်ပြုံးချိုသည် တွေးရင်းတွေးရင်း ကြောက်၍ ကြောက်၍ လာ၏။

mgyoe.com

mgyoe.com


"ဘာကိစ္စရှိလို့ပါလိမ့်ဗျာ" မောင်ပြုံးချိုက တုန်တုန်ရီရီနှင့် အရဲစွန့်မေး၏။

"မသိဘူးဗျ၊ မြန်မြန်လိုက်ခဲ့ရမတဲ့" တမန်တော်က တိုတို တုတ်တုတ် ပင် ဖြေ၏။

မောင်ပြုံးချိုသည် ဆက်လက်၍ မမေးဝံ့တော့ဘဲ နှလုံးမရွှင်ပြသော မျက်နှာ၊ လေးကန်သော ခြေလှမ်းဖြင့် တမန်တော်၏နောက်မှ ကုတ်ကုတ် ကလေး လိုက်သွားလေ၏။

ဗိုလ်အောင်မင်း စခန်းချရာ မြို့လယ်တိုက်ကြီးသို့ ရောက်သောအခါ တမန်တော်သည် မောင်ပြုံးချိုအား အပြင်တွင်ထားခဲ့၍ အတွင်းခန်းသို့ တစ်ဦး တည်းဝင်သွားလေ၏။ အခန်းပေါက်ဝတွင် လုံ့စွပ်တပ်ထားသော ရိုင်ဖယ် သေနတ်ကြီးကိုင်၍ စောင့်နေသည့် စစ်သားသည် မိမိအနားတွင်ရပ်နေ သော မောင်ပြုံးချိုအား ခေါင်းမှ သည်ခြေဖျားအထိ အပြန်အလှန် သုံးသပ် လျှက်ရှိသည်။

ခဏမျှကြာသောအခါ တမန်တော်ကြီးထွက်လာ၍ "အထဲဝင်ခဲ့ပါတဲ့" ဟု အကြောင်းကြားလေ၏။ မောင်ပြုံးချိုသည် ဒိတ်ဒိတ်မြည်သောရင်၊ တုန်ရီသော ခြေလှမ်းဖြင့် အခန်းတွင်းသို့ ဝင်သွားလေ၏။

သူသည် ကျယ်ပြန့်သောအခန်းကြီးထဲတွင် စားပွဲတစ်လုံး၌ထိုင်ကာ ငုံ့၍ စာရေးနေသော လူရွယ်တစ်ယောက်ကို တွေ့ရလေသည်။ သူ၏လက် ဝဲဘက်နံရံတွင် ခရိုင်တစ်ခုလုံး၏ မြေပုံကြီးကို ချိတ်ဆွဲထားလေသည်။ ခပ်လှမ်းလှမ်း ထောင့်တစ်ထောင့်တွင် စားပွဲငယ်တစ်ခုပေါ်၌ ရေဒီယို တစ်လုံး တင်ထားသည်ကို တွေ့ရလေသည်။ သူ၏ရှေ့တည့်တည့် နံရံတွင် ကား သေနတ်မျိုးစုံထောင်ထားလေသည်။ မောင်ပြုံးချိုသည် သူ့စားပွဲရှေ့ မှာပင် ယောင်ချာချာနှင့် ရပ်နေလေသည်။ သူသည် အခန်းကြီးတစ်ခုလုံးကို ပြူးကြောင်သော မျက်လုံးဖြင့်ကြည့်လျက် မျက်စိသူငယ်ဖြစ်နေလေ၏။ စာရေးနေသူသည် အလုပ်ထဲတွင် အတော် စိတ်ဝင်စားနေပုံရသည်။ ခဏမျှ ကြာသောအခါမှ သတိရလာသကဲ့သို့ ဦးခေါင်းမော့၍ကြည့်ပြီးလျှင်"ဟင် ကိုပြုံးချို ရောက်နေပြီလား ထိုင်ဗျာ" ဟု နှုတ်ဆက်လေသည်။

မောင်ပြုံးချိုသည် စကားမပြောနိုင်၊ ပါးစပ်ဟလျက် ထိုသူကိုသာ စိုက်ကြည့်နေလေ၏။ သူသည် ရပ်မြဲရပ်လျက်ရှိသည်။ စာရေးနေသူသည်

mgyoe.com

သူဖြစ်ပုံကို ရိပ်မိဟန်တူ၏။

"ထိုင်ပါဦး ကိုပြုံးချို၊ ခင်ဗျား ကျွန်တော့်ကို ဒီနေရာမှာလာတွေ့ရတာ သိပ်အံ့သြနေတယ်ထင်တယ်"

"ခင်ဗျား ကိုအောင်မဟုတ်လား"

"ဟုတ်ပါတယ်ဗျ၊ ကျွန်တော့်တောင် မမှတ်မိတော့ဘူးလား။ ကဲ . . . ထိုင်စမ်းပါဦး အေးအေးဆေးဆေး စကားပြောရအောင်" မောင်ပြုံးချိုသည် "ဟင်း" ခနဲ သက်ပြင်းချကာ ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်လိုက်လေ၏။

"ဗိုလ်အောင်မင်းဆိုတာ ခင်ဗျားပေါ့ဟုတ်လား"

ကိုအောင်က ခေါင်းညိတ်လေ၏။

မောင်ပြုံးချိုသည် ထိုအခါကျမှ တဟားဟားနှင့် ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။

"ဟော့လူ ဘာဖြစ်တာလဲဗျ"

ဗိုလ်အောင်မင်း(ခေါ်)ကိုအောင်က နားမလည်သကဲ့သို့ မေးလေ၏။

"မသိပါဘူးဗျာ ကျွန်တော့်ကို လူတစ်ယောက်က လာပြောတော့ ဗိုလ်အောင်မင်းဆိုတာ အသက်လေးဆယ်ကျော် ငါးဆယ်လောက်ရှိပြီ၊ ပိတ်ဖြူပုဆိုးနဲ့ စိပ်ပုတီးကြီး လည်ပင်းဆွဲလို့၊ သေနတ်လည်းပြီးတယ် ဘာပြီးတယ် ညာပြီးတယ်နဲ့ပြောတော့ ဗိုလ်အောင်မင်းဆိုတာ ဘိုးဘိုးအောင်ပဲလို့ အောက်မေ့နေတာ။ ဒီမှာတွေ့တော့ တစ်မျိုးဖြစ်နေလို့ ရယ်တာ"ဟု မောင်ပြုံးချို ရှင်းပြရာ "တယ်ရူးတဲ့လူတွေပဲဟု" မှတ်ချက်ချလေ၏။

"ကဲဒါတွေ ထားလိုက်ပါဦး။ ခင်ဗျား ကျွန်တော့်ဆီကို ဘာလို့မလာသလဲ" ဟုဗိုလ်အောင်မင်းက မေးပြန်လေ၏။ "ခုနက ကျွန်တော်ပြောပါပကောဗျ။ ဗိုလ်အောင်မင်းဆိုတာ ခင်ဗျားမှန်းမှမသိဘဲ။ ဝိဇ္ဇာလိုလို တပသီလိုလို ယောဂီလိုလို ဖြစ်နေတာကိုး"

"ဟင် ဒါလည်းဟုတ်တာပဲ။ ကျွန်တော်လည်း ဒီမှာ ခင်ဗျားရှိမှန်း မသိဘူး။ မနေ့ကမှ ကျောင်းက သူငယ်ချင်းတစ်ယောက်တွေ့လို့ ခင်ဗျား ဒီမှာရှိတဲ့အကြောင်း ကြားရတယ်။ ကြားကြားချင်းပဲ ခင်ဗျားအကူအညီ လိုတဲ့ ကိစ္စတစ်ခုပေါ်လာတယ်"

"ဘာပါလိမ့်ဗျာ"

mgyoe.com

mgyoe.com


"ကျွန်တော်တို့ သတင်းစာတစ်စောင်ထုတ်ဖို့ ရည်ရွယ်ထားတယ်။ အဲဒီ သတင်းစာမယ် ခင်ဗျားကို အယ်ဒီတာလုပ်ခိုင်းမလို့။ ဘယ့်နှယ်လဲ ကူညီမယ် မဟုတ်လား"

"ဟုတ်ကဲ့ အစွမ်းကုန်ကူညီပါ့မယ်"

"ပြီးတော့ ခင်ဗျားကို ရေဒီယိုတစ်လုံးပေးထားမယ်။ အရပ်ရပ်က ရေဒီယိုသတင်းတွေ နားထောင်ပြီး သင့်တော်မယ့် သတင်းတွေ သတင်းစာထဲ ထည့်တာပေါ့"

မောင်ပြုံးချိုသည် ဗိုလ်အောင်မင်းနှင့် ထွေရာလေးပါးစကားပြောပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် သွားရောက်တွေ့ဆုံရလေ၏။ အကျိုးအကြောင်းကို တိုင်ပင်ပြောဆိုပြီးနောက် ဝါဒဖြန့်ဖြူးရေးဆိုင်ရာ တာဝန်ခံထံ အခစားဝင်ရောက်ကာ စေတနာ့ဝန်ထမ်း အယ်ဒီတာအလုပ်ကို တစ်မှ ဟုတ်ချင်းရလေတော့၏။

များမကြာမီ "မြစ်ဝကျွန်းပေါ် သတင်းစဉ်" သည် မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်တွင် စောင်ရေအများဆုံးထုတ်ရသည့် တစ်ခုတည်းသော သတင်းစာအဖြစ် ထွက်ပေါ်လာလေ၏။

ဗိုလ်အောင်မင်းလည်း မောင်ပြုံးချိုတို့မြို့မှ ထွက်ခွာသွားလေ၏။ အယ်ဒီတာ မောင်ပြုံးချိုမှာ တိုင်ပင်ဖော်တိုင်ပင်ဖက်တစ်ဦး လျော့သွားသဖြင့် အထူးအားငယ်မိလေ၏ ။ နောက်ထပ်တာဝန်ခံ ဗိုလ်တစ်ဦးရောက်ရှိလာလေ၏။ ထိုဗိုလ်၏ပေါင်းသင်းဆက်ဆံရေးနှင့်အစီအမံ အခန့်အခွဲညံ့မှုကြောင့် ဗိုလ်အောင်မင်းရှိစဉ်ကကဲ့သို့ မြို့ပြကျေးရွာ ငြိမ်ဝပ်ပိပြားခြင်း မရှိတော့ချေ။

အရပ်ဖြစ်ဗိုလ်တို့သည် တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်လာလေ၏။ စက်ချုပ်သူလည်းဗိုလ်၊ သမွန်ခတ်သူလည်းဗိုလ်၊ မုန့်ဟင်းခါးသည်လည်း ဗိုလ်၊ ဆိုက်ကားနင်းသူလည်း ဗိုလ်ကြီး၊ ဗိုလ်ကလေး၊ ဗိုလ်ပိန်ရှည်၊ ဗိုလ်ပုကွ၊ ဗိုလ်မျက်ခမ်းစပ်၊ ဗိုလ်မစွမ်းမသန် ဗိုလ်ပေါင်းတစ်ရာ့ခြောက်ဆယ် သောက်သောက်လဲရှိတော့သည်။

ဗိုလ်တို့၏ လက်ထပ်မင်္ဂလာသတင်းစကားကိုလည်း မကြာခဏကြားရလေ၏။ လွန်လေပြီးသောအခါက အိုင်စီအက်စ်တွေ ဈေးကောင်း

mgyoe.com

သကဲ့သို့ ယခုအခါတွင် ဗိုလ်တို့ မျက်နှာပွင့်ကြကုန်၏။ ခဏခဏလည်း မတော်တဆ သေနတ်မောင်းပြုတ်၍ အူထွက်သူထွက်၊ ဦးနှောက်ပေါက် သူပေါက်ဖြစ်၍ အနိစ္စရောက်ကြကုန်၏။

ထိုအခြင်းအရာကို မြင်လတ်ကြားလတ်သော အယ်ဒီတာ မောင်ပြုံးချို သည် နောင်တော် အယ်ဒီတာများ၏ထုံးကို နှလုံးသွင်းကာ ထိုများလှ သောင်းသောင်း ဗိုလ်အပေါင်းတို့ကို သတိပေးဝတ္ထု ဆောင်းပါးရေးရန် မှာ မိမိတာဝန်ဖြစ်သည်ဟု အောက်မေ့မိသည်၏ခဏ၌ ကြိုက်မှကြိုက် ကြပါမည်လောဟုလည်း စဉ်းစားမိပြန်လေ၏။ အများမကြိုက်သည်ကို ရေးမိသောကြောင့် ကိုသိန်းဖေနှင့် ကိုအုံးခင်တို့ ရွှေတိဂုံရင်ပြင်ဝယ် ကျုံ့ကျုံ့ ကလေးထိုင်ကာ လက်အုပ်ချီနေကြပုံကိုလည်း သူသတိရသည်။ ဘုန်းကြီး မကြိုက်သော ဝတ္ထုကြောင့် သံဃာတော်အရှင်မြတ်တို့ ဒေါသ အမျက် ချောင်းချောင်းထွက်ပြီးလျှင် ထုတ်ဝေမိသော သတင်းစာတိုက်ကို တပ်ချီ၍ ဝိုင်းသည်ကိုလည်း စဉ်းစားမိသည်။

သို့သော် အယ်ဒီတာတို့မည်သည် ဆဲမနာ ဆိုမနာရှိရမည်။ အယ်ဒီတာ မောင်ပြုံးချိုသည် ဆဲမနာ ဆိုမနာ ရှိနိုင်ပါသည်။ အကယ်၍ ဆဲရုံဆိုရုံနှင့် မပြီး၊ ဝိုင်းရိုက်ချေသော် မနာ၍ မဖြစ်ပြီ။ မိမိတွင် တုတ်ပြီးဆေးလည်းမရှိ၊ နာမည်မှချ။ ရိုက်ရုံနှင့် အားမရ၊ ဓားနှင့်ခုတ် သေနတ်နှင့်ပစ်သော် နာရုံတွင် မက သေနိုင်သည်မဟုတ်ပါလော။ မောင်ပြုံးချိုသည် ရန်မအေးသည်ကို သိသည်။ သူသည် ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက်နှင့် အနုလုံ ပဋိလုံစဉ်းစားလေ၏။

နောက်ဆုံး၌ သတိပေးရန်မှာ ငါ့ဝတ္တရားဖြစ်သည်။ ငါ့ဝတ္တရား ငါ ဆောင်ရွက်ခြင်းသည် မည်သူ့ကိုမှ ကြောက်ရွံ့ရန်မလိုဟူသော အဖြေကို ရလေ၏။ "ငါရေးမယ်" ဟု ဆုံးဖြတ်လိုက်လေသည်။

× × ×

## ၄။ ရန်ကုန်ဆိပ်ကမ်း

"မင်တို" သည် တဖြည်းဖြည်း ရန်ကုန်ဆိပ်ကမ်းသို့ ကပ်လာလေ၏။ ပါလာသော ခရီးသည်တို့သည် မိမိတို့၏ ပစ္စည်းများကို အရန်သင့်ကိုင်

mgyoe.com

mgyoe.com


ဆောင်ကာ အောက်ထပ်သို့ ဆင်းကြလေ၏။ မောင်ပြုံးချိုနှင့် မောင်စံသိန်း တို့သည် မိမိတို့၏အိပ်ရာလိပ်ကလေးများကို ပခုံးတွင်ထမ်းကာ လှေကား နားတွင် ရပ်လျက်ရှိကြလေသည်။ သူတို့အနီးတွင် ရည်မွန်သော မိန်းမကြီး တစ်ယောက်သည် အင်္ကျီအိတ်ထဲနှိုက်လိုက်၊ လွယ်အိတ်ထဲမှ ပစ္စည်းတွေကို ထုတ်လိုက်နှင့် တစ်စုံတစ်ခုကို ရှာဖွေလျက်ရှိလေသည်။

"တွေ့ပြီလား မေမေ" သူ့အနီးတွင် ရပ်နေသည့်ခေတ်ဆန်သူ မိန်းကလေး က စိုးရိမ်မကင်းမေးမြန်းလေ၏။

"မတွေ့ပါဘူးကွယ်"

"ခက်တာပဲ မေမေကလည်း၊ သေသေချာချာသိမ်းပါဆိုမှပဲ"

"အေးကွယ် မေမေလည်း ဂရုစိုက်တာပဲ၊ အသိမ်းလွန်သွားထင်ပါရဲ့။ အရေးမကြီးပါဘူး သမီးရယ်။ ထိုးလိုက်တာပေါ့၊ မနာပါဘူး"

"နာမှာကြောက်လို့ ပြောနေတာ မဟုတ်ဘူး မေမေရဲ့" မိန်းမပျိုသည် ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ပြောလေ၏။

မိန်းမပျိုသည် အတော်စိတ်ရှုပ်နေဟန်တူသည်။

သူတို့သားအမိနှစ်ယောက် ပြောဆိုနေသော စကားများကို ကြားရမှ အချို့သော ခရီးသည်များလည်း သတိရလာကြကာ ဆေးထိုးလက်မှတ် များကို အရန်သင့်လက်ထဲတွင် ဆုပ်ထားကြလေ၏။

"ဒီကောင်တွေက သိပ်ရိုင်းတာပဲနော်။ အင်္ကျီလက်မောင်းများ ကျပ်နေ လို့ပင့်မရရင် လွယ်တဲ့နေရာထိုးလိုက်တာပဲ" မိန်းမကြီးတစ်ယောက်က အာကျယ်ကျယ်နှင့် ပြောလေ၏။ ခရီးသည် အားလုံးက ပြုံးကြလေသည်။

"တစ်ခါတလေ ပေါင်ပေမဲ့ ထိုးချင်ထိုးတာ" မိန်းမကြီးက ထပ်၍ အညွန့်တက်လိုက်ပြန်ရာ ဝါးခနဲရယ်လိုက်ကြလေ၏။ မိန်းမပျိုကလေးမှာ ကား ရှက်သွေးလွှမ်းကာ မျက်နှာနီသွားလေ၏။

ထိုအခါကျမှ မောင်ပြုံးချိုသည် "နာမှာ ကြောက်လို့ပြောနေတာ မဟုတ်ဘူး" ဟူသော မိန်းမပျို၏နောက်ဆုံးစကား အဓိပ္ပာယ်ကို သူ၏ ကျပ်တည်းကျဉ်းမြောင်းသော အင်္ကျီပါးကလေးကိုကြည့်ရင်း ထင်ရှားပေါ် လွင်လာလေ၏။

မောင်စံသိန်းလည်း "ခက်ချေပြီ" ဟု မိန်းမပျိုကလေးအတွက် သောက

mgyoe.com

mgyoe.com

မကောင်း ဖြစ်နေလေတော့သည်။ သင်္ဘောသည် ဆိပ်ခံသမ္ဘန်တွင် ကပ်မိ၍ ကုန်းဘောင်များထိုးပြီး ဖြစ်လေ၏။ ခရီးသည်များသည် စီတန်း၍ ကုန်းပေါ်သို့ တက်ကြလေ၏။ ကုန်းပေါ်သို့ရောက်သောအခါ မောင်ပြုံးချိုတို့သည် နေမျိုးနွယ်စစ်သားများအား ပထမဆုံးအကြိမ် တွေ့မြင်ကြရလေ၏။

သူတို့သည် အရင်က မမြင်ဖူးသောလူများအား အသေအချာ ရှုစားကြလေ၏။ အင်္ကျီကလည်း ညစ်ပတ်စုတ်ပြတ်လျက် ဘောင်းဘီကလည်း အဖာဖာအထေးထေးနှင့် ဗဟိဒ္ဓသဏ္ဌာန်အားဖြင့်ကား ကြည်ညိုဖွယ်မရှိ၊ အားကိုးစရာမမြင်။

သူတို့သည် သင်္ဘောမှ ဆင်းလာသောခရီးသည်များအထဲမှ မသင်္ကာသူများကိုရှာဖွေရင်း ဆေးထိုးလက်မှတ်များကို စစ်ဆေးလျက်ရှိသည်။ ဆေးထိုးလက်မှတ်ပါသူများသည် လက်ဝဲဘက်သို့သွားစေ၍ မပါသူများကို လက်ယာဘက်တွင် ဆေးထိုးလျက်ရှိသည့် ဆရာဝန်ထံသို့ ပို့လေသည်။ ဘုန်းတော်ကြီးတစ်ပါးသည် ဆေးထိုးလက်မှတ်မပါသဖြင့် ဂျပန်စစ်သား ဆေးထိုးသွားရန် ညွှန်ကြားသည်ကို နားမလည်ဘဲ လက်ဝဲဘက်လမ်းသို့ လိုက်သွားမိလေရာ ဂျပန်စစ်သားသည် ဒေါသအမျက်ချောင်းချောင်း ထွက်ကာ ဆူညံသောအသံကိုပြုပြီး၍ နောက်မှ ဧကသီလိုက်ဆွဲနေစဉ် အခြားတစ်ယောက်က မိမိလက်တွင် ကိုင်ဆောင်ထားသောတုတ်တိုနှင့် ဘုန်းတော်ကြီး၏ မဏ္ဍိတော်ကို ခပ်ဖွဖွ ကပ္ပိလိုက်ရာ ဖူးထလာလေ၏။ ဘုန်းတော်ကြီးလည်း ဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့်ပါသွားလေ၏။

သင်္ဘောပေါ်မှ ခေတ်ဆန်သူမိန်းမပျိုမှာ မောင်ပြုံးချိုတို့ရှေ့မှ ရောက်နေလေ၏။ သူတို့သည် လက်မှတ်ပါသူများမဟုတ်၍ လက်ယာလမ်းသို့ လိုက်ကာ ဂျပန်ဆရာဝန်ထံသို့ သွားကြရလေ၏။ မောင်ပြုံးချိုနှင့် မောင်စံသိန်းတို့သည် မိန်းမပျိုကလေးအတွက် သောကမကင်းဖြစ်နေကြသည်။

"အကယ်၍ အင်္ကျီ လက်ပင့်၍မရသော်"

မိန်းမပျိုသည် ဂျပန်ဆရာဝန်နားသို့ရောက်သွားလေ၏။ ဆရာဝန်သည် ဆေးထိုးပြွတ်တံကို ကိုင်လျက် အင်္ကျီလက်ကို အပင့်ခိုင်း၏။ မိန်းမပျိုသည် ညာလက်ဖြင့် ဘယ်ဘက်အင်္ကျီလက်ကို တအားဆွဲ၍ဖြဲလိုက်လေရာ ချုပ်ရိုးမှ "ဗျင်း" ခနဲပြဲသွားလေ၏။

mgyoe.com

mgyoe.com


မောင်ပြုံးချိုနှင့် မောင်စံသိန်းတို့သည် "ဟင်း"ခနဲ သက်ပြင်းကြီးကို ပြိုင်တူချလိုက်ကြလေ၏။

ဂျပန်ကြီးသည် ရွှေသွားကြီးများပေါ်အောင်ပြုံး၍ မိန်းမပျို၏ မျက်နှာကို မျက်မှန်ကြီးနှစ်ကွင်းနောက်မှ မှေးသောမျက်လုံးအစုံဖြင့် စိုက်၍ကြည့်ကာ "ယိုရိုရှိ ယိုရိုရှိ"ဟု ချီးကျူးရင်း ဆေးထိုးပေးလေ၏။ မိန်းမပျိုလေးသည် ဆေးထိုးလက်မှတ်ကို ယူပြီးနောက် တွဲလိုတွဲလဲဖြစ်နေသော အင်္ကျီလက်ကို ပင့်တင်ရင်းထွက်သွားလေ၏။

ထို့နောက် မိန်းမပျို၏မိခင်ကြီးကို ဆေးထိုးပေးပြန်လေသည်။ ထိုအခါတွင် ဂျပန်ကြီးသည် အနည်းငယ်ပြုံးသေးသည်။ မောင်ပြုံးချိုနှင့် မောင်စံသိန်းတို့ အလှည့်သို့ရောက်သောအခါ၌ ကြီးစွာသော ဂျပိန္နေကြီး ဆောင်လျက် ရှိတော်မူလေ၏။

မောင်ပြုံးချိုနှင့် မောင်စံသိန်းတို့သည် ဆေးထိုးပြီးပြီဖြစ်၍ သင်္ဘောဆိပ်မှ ထွက်ခွာသွားကြစဉ် သင်္ဘောတံတားထိပ်တွင် အသက်လေးဆယ်ခန့်ရှိ ရုပ်ရည်သန့်သန့်လူကြီးတစ်ယောက်၏ပါးအား ဂျပန်စစ်သားက ဘယ်ပြန်ညာပြန်ရိုက်နေသည်ကို တွေ့ရလေရာ ဆူပွက်သော နှလုံးသွေးဖြင့် ရပ်ကြည့်နေမိကြလေ၏။

ထိုအနီးအနားမှ လူရွယ်တစ်ယောက်သည် ခပ်သုတ်သုတ် မောင်ပြုံးချိုတို့နားသို့ ဖြတ်လာသဖြင့် သိချင်ဇောနှင့် မောင်စံသိန်းက လှမ်း၍မေးလေ၏။

"မိတ်ဆွေ၊ ဟိုလူကြီးကို ဘာပြုလို့ ရိုက်တာလဲဗျ"

"ဟိုလူကြီးဟာ အရာရှိဟောင်းကြီးတစ်ယောက်ပေါ့ဗျ။ သူ ခေါင်းပေါင်းကို မချွတ်ကောင်းလားလို့ စစ်သားတစ်ယောက်က အတင်းဆွဲချွတ်တယ်။ လူကြီးလည်း ရှက်ရှက်နဲ့ လိုက်အလုမှာ ရိုက်တော့တာပါပဲဗျ"

"ခေါင်းပေါင်းကို ဦးထုပ်ချွတ်သလို သူတို့ရှေ့မှာ ချွတ်စေချင်ထင်ပါရဲ့"

"မသိပါဘူးဗျာ အရိုအသေခံချင်လို့လား၊ ဒါမှမဟုတ်လည်း ခေါင်းပေါင်းထဲမှာ တစ်ခုခု ဝှက်ထားတယ် ထင်လို့လား၊ ဒါမှမဟုတ်လည်း မြန်မာတွေ သူတို့ခေါင်းမော်ပြီးမကြည့်ဝံ့အောင် သက်သက်အပြစ်ရှာပြီး

mgyoe.com

mgyoe.com
နိုပ်နေတာလားဆိုတာ ဘယ်သိမလဲ" ထိုလူလည်း ခပ်သုတ်သုတ် ထွက်သွားလေ၏။

"အင်း ကိုပြုံးချို ကျုပ်တို့တစ်တွေတော့ ခွေးလုံးလုံးဖြစ်ပြီ။ လူပေါင်းမှားပြီဗျို့"

မောင်စံသိန်းသည် ညည်းညူလိုက်လေသည်။

မောင်ပြုံးချိုကား စကားမပြော၊ တုဏှိဘော။

× × ×

၅။ ဗဟိုစစ်ရုံးချုပ်

ဘီ–အိုင်–အေ ဗဟိုစစ်ရုံး၏ဆင်ဝင်အောက်တွင် ရိုင်ဖယ်သေနတ်ကိုကိုင်ကာ တည်ငြိမ်သောဣန္ဒြေနှင့် စောင့်နေသော တပ်တော်သားတစ်ယောက်ကိုတွေ့ရလေသည်။

မောင်ပြုံးချိုနှင့် မောင်စံသိန်းတို့သည် ထိုတပ်တော်သားအား ဦးညွတ်ကာ အရိုအသေပြုပြီးလျှင် မိမိတို့အား စစ်ဗိုလ်ကြီးကဆင့်ခေါ်၍ လာရောက်ရသော အကြောင်းများကိုပြောရင်း စစ်ဗိုလ်ကြီး၏စာကို ထုတ်ပြလေ၏။

တပ်တော်သားက စာကိုသေချာစွာ ကြည့်ပြီးနောက် "ဗိုလ်မှူးကြီးဟိုအပေါ်ဆုံးထပ်မှာ ရှိလိမ့်မယ်၊ မြောက်ဘက်လှေကားက တက်သွားပါ" ဟု လမ်းညွှန်လေသည်။ သူတို့နှစ်ယောက်သည် လူးလာခတ်လျက် ရှိသော စစ်ဗိုလ်၊ စစ်သားပေါင်းများစွာတို့အကြားမှ တိုးလျှိုးကာ ညွှန်ပြလိုက်သောလမ်းအတိုင်း သုံးဆင့်တိုက်ကြီးပေါ်သို့ တက်ခဲ့ကြလေ၏။ အထက်ဆုံး အထပ်သို့ရောက်သောအခါ သေနတ်ကိုင်တပ်တော်သား တစ်ယောက်စောင့်နေသော အခန်းဆီသို့ချဉ်းကပ်၍ စုံစမ်းရလေ၏။

"ဗိုလ်မှူးကြီးအခန်း ဘယ်အခန်းပါလဲခင်ဗျာ"

သူတို့နှစ်ယောက်သည် ဦးညွတ်၍အရိုအသေပြုရင်း စောင့်နေသောစစ်သားအား မောင်ပြုံးချိုက မေးလေ၏။

"ဒီအခန်းပဲ၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့ကို ခေါ်ထားလို့ပါခင်ဗျား"

mgyoe.com


"ဘာကိစ္စလဲ"

"ကျွန်တော်တို့ကို ခေါ်ထားလို့ပါခင်ဗျား"

"ဘာကိစ္စလဲဗျ ဘာကိစ္စခေါ်ထားတာလဲ" စစ်သားသည် စိတ်မရှည်တော့သကဲ့သို့ ငေါက်လေ၏။

"ဩော် ဩော် မသိလို့ပါ ခင်ဗျာ။ ဘာကိစ္စခေါ်မှန်း မသိပါဘူး။ ဟောဒီမယ် သူ့အမိန့်စာရှိပါတယ်။ ကျွန်တော်တို့ အခုမနက်ပဲ သင်္ဘောနဲ့ ရောက်လာပါတယ်"

မောင်ပြုံးချိုသည် စာကိုထုတ်၍ ပြလေသည်။ စစ်သားသည် စာကို သေချာစွာစိုက်ကြည့်ပြီးမှ "ဒါဘာလဲ"ဟု မေးပြန်လေ၏။

"ဒါ စစ်ဗိုလ်ကြီးစာပါခင်ဗျား။ စစ်ဗိုလ်ကြီး လက်မှတ်လည်း ထိုးထားပါတယ်"

"ဘယ်မလဲ"

"ဒီမှာပါ ခင်ဗျာ" မောင်စံသိန်းက လက်ထောက်ပြလေ၏။

"စာထဲမှာ ဘာတွေရေးထားသလဲ ဖတ်စမ်း"

မောင်စံသိန်းသည် စာကိုယူ၍ ထစ်ထစ်ငေါ့ငေါ့နှင့် ဖတ်ပြလေ၏။

"ဒါပဲလား"

"ဒါပါပဲခင်ဗျာ"

"ဒီမှာခဏနေရစ်ဦး" သူသည် မောင်စံသိန်းလက်ထဲမှစာကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး အခန်းတွင်းသို့ ဝင်သွားလေ၏။

"ခင်ဗျာ့လူ စာတတ်ပုံမရဘူး" မောင်ပြုံးချိုက မှတ်ချက်ချ၏။

"မတတ်ဘဲနဲ့ အသားယူလိုက်တာ အခံရခက်သဗျာ"ဟု မောင်စံသိန်းက တိုးတိုးညည်းညူလေ၏။

စစ်သားသည် ခြေလှမ်းသွက်သွက်ဖြင့် ပြန်ထွက်လာပြီးလျှင် "ဝင်ခဲ့တဲ့"ဟု အမိန့်တော်ပြန်လေ၏။

သူတို့နှစ်ယောက်သည် ခြေဖျားနှင့်လျှောက်ကာ အတွင်းခန်းသို့ ဝင်သွားကြလေ၏။ စားပွဲတွင်ထိုင်နေသော စစ်ဗိုလ်ကြီးသည် သူတို့နှစ်ယောက်ကိုမြင်သောအခါ ခေါင်းမော်၍ ကြည့်လေသည်။ နှစ်ယောက်သော သူတို့သည် ခြေကိုစုံရပ်ကာ နဖူးနှင့်ဒူးထိလုမတတ် ဦးညွတ်၍ အရိုအသေ ပြုလေ

mgyoe.com

mgyoe.com


လျှင် တို့ဗမာစစ်ဗိုလ်မှူးကြီးကလည်း ကြီးစွာသောဂုဏ်ပြုခြင်းနှင့် ခေါင်း ဆတ်လေ၏။

"ကိုပြုံးချိုနှင့် ကိုစံသိန်းလား" ဗိုလ်မှူးကလေးက မေးလေသည်။

"ကျွန်တော်က မောင်ပြုံးချိုပါ၊ သူက မောင်စံသိန်းပါ"

မောင်ပြုံးချိုက ဖြေလေသည်။

"ခင်ဗျားတို့ကို ခေါ်တဲ့ကိစ္စကတော့ ကျုပ်တို့ တပ်မတော်ဝါဒဖြန့်ဖြူးရေးဌာနတစ်ခုဖွင့်ဖို့ ရည်ရွယ်တယ်။ ဒီဌာနကနေပြီး သတင်းစာတစ်စောင် မှန်မှန်ထုတ်ဝေဖို့လည်း ရည်ရွယ်တယ်။ ဒီရည်ရွယ်ချက်ကြီး အောင်မြင်ဖို့အတွက် စာရေးဆရာတွေ၊ ဒီအလုပ်ကိုစိတ်ဝင်စားပြီး လုပ်မယ့်ပုဂ္ဂိုလ်တွေကို စုဆောင်းနေတာပဲ" အစရှိသည်ဖြင့် သူ့ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်ကို သူတို့နှစ်ယောက်အား ရှင်းလင်းဖြေဆိုလေသည်။

အတန်ကြာစကားပြောဆိုကြပြီးနောက် မောင်ပြုံးချိုတို့၏ နေထိုင်စားသောက်ရေးများကိုပါ ညွှန်ကြားကာ သွားခွင့်ပြုလိုက်လေ၏။

"ကိုပြုံးချို ဗိုလ်မှူးရဲ့စီမံကိန်းကတော့ ကောင်းပါရဲ့၊ လုပ်လို့ဖြစ်ပါ့မလား" မောင်စံသိန်းက ဗိုလ်မှူးအခန်းမှ ထွက်လာကြသောအခါ တိုးတိုးမေးလေသည်။

"အင်း . . . စဉ်းစားစရာပဲ" မောင်ပြုံးချိုက လေအေးကလေးနှင့် ဖြေလိုက် လေ၏။

× × ×

## ၆။ မီးပွား

မောင်ပြုံးချိုတို့ နေထိုင်ရသော အိမ်ကြီးကား ခမ်းနားပါဘိသည်။ ရေချိုးခန်းကလည်း သားနားပါဘိသည်။ အိမ်ထောင်ပရိဘောဂလည်း စုံပါပေ၏။ ဆိုဖာ၊ စားပွဲ၊ ကုလားထိုင်၊ စန္ဒရား လိုလေသေးမရှိ။ ဗီရိုကြီးတွေကလည်း စာအုပ်တွေနှင့်အပြည့်။ ဖတ်ချင်ရာစာအုပ်ကို ဖတ်နိုင်သည်။ ထိုအိမ်တွင် မောင်ပြုံးချိုတို့ အရင်ရောက်ရှိနေသော စစ်ဗိုလ်ကလေးသည် စည်းကမ်းကြီးပါပေ၏။ ကျေးဇူးတရား သိတတ်လှသည်။

"ဒီအိမ်ဟာ မြန်မာ့အိမ်နှင့်တူတယ်။ သူ့အိမ်မယ် ကျွန်တော်တို့တက်

mgyoe.com

mgyoe.com


နေရင် သူ့ပစ္စည်းတွေ မပျက်စီး မပျောက်ပျက်ရအောင် ကျွန်တော်တို့ စောင့်ရှောက်ဖို့ ဝတ္တရားရှိတယ်"ဟု မကြာခဏပြောလေ့ရှိသည်။

မောင်ပြုံးချိုသည် တပ်မတော်မှပေးထားသော အိမ်ကြီးပေါ်တွင် နေထိုင်ရင်း တပ်မတော်ထမင်းကိုစားကာ တပ်မတော်ဗဟိုစစ်ရုံးကြီးတွင် ဝါဒဖြန့်ဖြူးရေးအရာရှိအဖြစ်နှင့် အမှုထမ်းလျက် ရှိလေ၏။ ထိုကြီးကျယ်လှသော ဗဟိုစစ်ရုံးကြီးတွင် ထိုဧရာမဝါဒဖြန့်ဖြူးရေးအရာရှိများသည် ဘာတွေကို ဝါဒဖြန့်နေကြပါသနည်း။

နံနက် ၆ နာရီတွင် အိပ်ရာမှထ၍ ကတိုက်ကရိုက် မျက်နှာသစ်ပြီးလျှင် စစ်ရေးလေ့ကျင့်ရန် စစ်ရုံးသို့သွားရလေသည်။ တိုက်ပွဲများမှ သိမ်းဆည်းရရှိထားသော ရိုင်ဖယ်သေနတ်ပေါင်းစုံကို တစ်ယောက်တစ်လက် ကိုင်စွဲကာ ဘောလုံးကွင်းကြီးအနီး မြေကွက်လပ်သို့သွား၍ လုံ့စွပ် ထိုးနည်း၊ စစ်ဆင်စစ်တက်နည်းတို့ကို သင်ကြားကြရလေသည်။ စစ်ရုံးတွင် အလုပ်လုပ်လျှင် စစ်အတတ်ကို တတ်ရမည်ဟူသော ဗိုလ်မှူး၏အမိန့် တစ်ရပ်ကြောင့် ဤကဲ့သို့ သင်ကြားပေးခြင်းဖြစ်သည်။ ပြေးလိုက်၊ လွှားလိုက်၊ ခုန်လိုက်၊ ပေါက်လိုက်၊ တွားသွားလိုက်၊ မိကျောင်းသွား သွားလိုက်၊ အော်လိုက်၊ ဟစ်လိုက်နှင့် သင်ပြနေသောဆရာ၏ မအေ နှမ မရှောင် ဆိုဆဲကြိမ်းမောင်းခြင်းကို သောတဆင်ရင်း တစ်နာရီမျှကြာသောအခါ စီတန်းလမ်းလျှောက်၍ ပြန်ခဲ့ကြလေ၏။

အိမ်ပြန်ရောက်သောအခါ တဖွားဖွားကျလျက်ရှိသော ရေပန်းအောက်တွင် ဖိမ်ခံကာ ရေချိုးပြီးနောက် စစ်ရုံးတွင်လာရောက်၍ ထမင်းစားကြလေ၏။

စစ်ရုံးကြီး၏ အောက်ထပ် ကျယ်ဝန်းသော အခန်းတစ်ခုထဲတွင် ရှည်လျားသော စားပွဲခုံကြီးပေါ်တွင် ယင်ကောင်များ တရုန်းရုန်းအုံလျက်ရှိသော ထမင်းပန်းကန်၊ ဟင်းပန်းကန်များ စီ၍ တင်ထားသည်ကို တွေ့မြင်ရလေသည်။ မောင်ပြုံးချိုသည် ဆာဆာနှင့် ဆီတွေဝေ့နေသော လက်ဆေးရေဇလုံတွင်းသို့ လက်နှိုက်ဆေးပြီးလျှင် စားပွဲတွင်ထိုင်လိုက်၏။ သူ့ရှေ့ထမင်းပန်းကန်ကို သဲသဲမဲမဲ ခဲတွယ်နေကြသော ယင်တို့သည် "ဝုန်း" ခနဲ ထပျံကြရာ နီကျင်ကျင်ထမင်းသားကိုတွေ့မြင်ရလေ၏။ ယင်းပန်းကန်ကို

mgyoe.com

မွှေကြည့်လိုက်ရာ ကန်စွန်းရွက်၊ ခရမ်းသီး၊ ရုံးပတီသီးနှင့် အမဲခြောက် ရောချက်ထားသည်ကို တွေ့ရလေသည်။ သူသည် တစ်ဇွန်းခပ်၍ ထမင်းနှင့်နယ်ကာ တစ်လုတ်သွင်းလိုက်လေ၏။ ထမင်းလုတ်သည် ချောချောမဝင်၊ လည်ချောင်းဝတွင် အတန်ကြာတစ်ဆို့လျက်ရှိတော့သည်။ "စုံကန်၍မျှော" ရအောင်ကလည်း အရည်သောက်မရှိ။ မောင်စံသိန်းက ကျောကုန်းကို အသာထုပေးမှ ကျသွားလေ၏။ တစ်ခန်းလုံး ဇွန်းသံ၊ ပန်းကန်သံ၊ စကားပြောသံတို့နှင့် ဆူညံလျက်ရှိလေသည်။

"သူများစားနိုင်လျှင် ဘယ့်နှယ်ကြောင့် ငါကောမစားနိုင်ရမလဲ"

မိမိကိုယ်ကို မိမိအားပေးကာ ကြိတ်မှိတ်၍ စားလေ၏။

နံနက်စာ ထမင်းစားပြီးသော် ရုံးတက်ကြရလေတော့သည်။ လက်နက်ခန်းကလည်း လက်နက်တွေအထုတ်အသိမ်းနှင့် အလုပ်ရှုပ်နေကြသည်။ ကာကွယ်ရေးဌာနကလည်း ဖမ်းရ၊ ဆီးရ၊ သူခိုးလိုက်ရနှင့် မအားနိုင်ကြ။ တရားဌာနကလည်း ထောင်ချရ၊ ကြိမ်ဒဏ်ပေးရနှင့် အချိန်ပိုမရှိကြ။ မောင်ပြုံးချိုတို့ ဝါဒဖြန့်ဖြူးရေးဌာနမှာကား ငြိမ်ချက်သားကောင်းလှချည့်။ ဘာမှလည်း လုပ်စရာမရှိ။ မိမိစားပွဲတွင် မိမိထိုင်ကာ တွေးသူတွေး၊ ငေးသူငေး၊ မှိုင်သူမှိုင်နှင့်သာ အချိန်ကုန်ကြရလေတော့သည်။ ဗိုလ်မှူး၏ သတင်းစာထုတ်ရန်ဟူသော စီမံကိန်းသည်လည်း လေထဲတိုက်အိမ်ဆောက်ခြင်းမျှသာ ဖြစ်နေလေ၏။

မောင်ပြုံးချိုသည် မြန်မာလူမျိုးတို့၏ ကံကြမ္မာကို ရောက်တတ်ရာရာ စဉ်းစားလျက် အောက်ထပ်မှ ဆူညံသောအသံများ ကြားရလေရာ အတွေးပျက်သွားလေ၏။

"ချပေး . . . ကွ၊ ချပေး . . .၊ သိပ်လူပါးဝတဲ့အကောင် ဒီငပုဆော်ပေးပါကွ"ဟူသောအသံများလည်း ကြားရလေရာ သူသည် အပြေးကလေး အောက်ထပ်သို့ ဆင်းခဲ့လေ၏။

ဆင်ဝင်အောက်တွင် ဂျပန်စစ်သားတစ်ယောက်အား မြန်မာစစ်သားတွေဝိုင်းနေသည်ကို တွေ့မြင်ရလသည်။ သူ၏ပုံသဏ္ဌာန်ကို မြင်ခြင်းအားဖြင့် အထုအရိုက်ခံပြီးဖြစ်နေသည်ကို သိနိုင်လေသည်။

"ဘာပြုလို့လဲ" မောင်ပြုံးချိုက အနီးရှိ တပ်သားတစ်ယောက်ကို

mgyoe.com

mgyoe.com


မေးလေ၏။

"မိန်းမတစ်ယောက် လမ်းပျောက်သွားတာ လက်လိုက်ဆွဲတယ်ဗျ။ တစ်နေ့ကလည်း ဒီငပုပဲ ကျွန်တော့်ဆီက လက်ပတ်နာရီကို ဝယ်မလိုလို ပြခိုင်းပြီး အတင်းလုပြေးတယ်"ဟုဖြေလေသည်။

"ဟော့ဗိုလ်မှူးလည်းမရှိဘူး။ ဒီတော့ ဒီငနဲကို ဗိုလ်မိုးကြိုးဆီ ခေါ်သွားမှဖြစ်မယ်။ ဂျပန်နဲ့ဖြစ်တဲ့ကိစ္စဆိုရင် သူ့ကိုအသိပေးရမယ်လို့လည်း အမိန့်ပေးထားတာရှိတယ်"ဟု လက်အောက်ခံ ဗိုလ်မှူးကလေးက ပြောပြီးလျှင် "ဟော့ အားလုံးလိုက်လာဖို့ မလိုဘူး။ တို့လေးငါးယောက်ပဲ သွားမယ်။ လာ . . . ကိုပြုံးချို ခင်ဗျားလိုက်ခဲ့"ဟု မောင်ပြုံးချိုအား လှမ်း၍အမိန့်ပေးလိုက်လေ၏။

မောင်ပြုံးချိုတို့လူစုသည် ထိုအစပ်တစ်ရာ အဖာဗရပျစ်နှင့် မှောင်ကျအောင် ညစ်နေသောဘောင်းဘီကို ဝတ်ဆင်ထားသည့် နေမျိုးနွယ် စစ်သည်တော် သားအား ဗိုလ်မိုးကြိုး၏စံအိမ်တော်သို့ ခေါ်သွားကြလေ၏။

ဗိုလ်မိုးကြိုးနှင့် မတွေ့မီ သူ့အဖွဲ့သားများနှင့် ပထမတွေ့ရလေသည်။ သူ့အဖွဲ့သားများသည် အခြား ဂျပန်စစ်သားများကဲ့သို့ ခေါင်းတုံးပြောင်များ မဟုတ်။ အင်္ဂလိပ်ဆံတောက်အရှည်များနှင့် မြန်မာကဲ့သို့ ဝတ်ဆင်ထားကြလေသည်။ တစ်ဦးသော စစ်ဗိုလ်ကလေးမှာကား ဇန်ကောက်လုံချည် ပန်းရောင်၊ ရှပ်အင်္ကျီအဖြူ၊ မန္တလေးပိုးတိုက်ပုံအင်္ကျီနှင့် ဝိန်းတန်းဖိနပ်ကို စီးထားသည့်ပြင် စိပ်ပုတီးရှည်ကြီးကိုလည်း လည်ပင်းတွင်ဆွဲထားလိုက်သေးသည်။ မောင်ပြုံးချိုသည် သူတို့အားမြင်သောအခါ ကြည်ညိုရတော့မလိုလို ရယ်ရတော့မလိုလို ဖြစ်နေလေသည်။ သူတို့သည် အင်္ဂလိပ်စကားကို မြန်မာနားလည်အောင် ပြောတတ်လေသည်။

သူတို့အား မြန်မာစစ်ဗိုလ်ကလေးက အင်္ဂလိပ်ဘာသာဖြင့် အဖြစ်အပျက်ကို တိုင်တန်းလေ၏။ စိပ်ပုတီးနှင့် မြန်မာလိုဝတ်ထားသော ဂျပန်သည် အပေါ်ထပ်သို့တက်သွားပြီး နောက်ခဏကြာသောအခါ ဗိုလ်မိုးကြိုးဆင်းလာ၍ အရောင်တောက်နေသော စားပွဲကြီးတွင်ထိုင်လေ၏။

ဗိုလ်မိုးကြိုးကား အရပ်ပုပုပျပ်ပျပ်၊ ဆံပင် မတိုမရှည်၊ နှုတ်ခမ်းမွေးစစနှင့် ရှပ်အင်္ကျီနှင့် မန္တလေးပိုးလုံချည်ကို ဝတ်ထားလေသည်။ ရုတ်တရက်

mgyoe.com

mgyoe.com


ကြည့်လျှင် ကရင်ရုပ်ကို ဆောင်လျက်ရှိသည်။ အနောက်နိုင်ငံသားတို့ အဝတ်ကိုဝတ်ဆင်ထားသော သားတော်နှစ်ပါးခြံရံ၍နေသည့် မြင်ကွန်းမင်းသားကြီးပုံနှင့် ခပ်ဆင်ဆင်တူ၏။ ထို့ကြောင့်လည်း ဗိုလ်မိုးကြိုး၏နာမည်ကို ကြားစက မြန်မာတို့သည် ဗိုလ်မိုးကြိုးအား မြန်မာမင်းဆွေစိုးမျိုးထဲကလိုလို မြင်ကွန်းမင်းသားကြီး၏ အဆက်အနွယ်ထဲကလိုလို၊ ပြောဆိုနေကြဟန်တူသည်ဟု မောင်ပြုံးချိုသည် စဉ်းစားမိလေ၏။

စစ်ဗိုလ်ကလေးသည် အဖြစ်အပျက်ကို ဗိုလ်မိုးကြိုးအား အင်္ဂလိပ်ဘာသာဖြင့် တိုင်ကြားလေ၏။ ဗိုလ်မိုးကြိုးကလည်း မေးမြန်းပြောဆိုစရာရှိသည်တို့ကို မပီသသော အင်္ဂလိပ်စကားနှင့်ပင်ပြန်၍ မေးမြန်းပြောဆိုလေသည်။ ဂျပန်စစ်သားကလည်း ဂျပန်ဘာသာဖြင့် ရှည်လျားစွာ တိုင်ကြားပြောဆိုလေ၏။ နောက်ဆုံး၌ ဗိုလ်မိုးကြိုးက မြန်မာနှင့်ဂျပန်တို့သည် ညီအစ်ကိုများဖြစ်ကြောင်း၊ တစ်ဦးကိုတစ်ဦး ချစ်ခင်စွာပေါင်းသင်း၍ စစ်ကြီးကိုတိုက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း စသည်တို့ကို အတန်ကြာအောင် ဟောပြောပြီးမှ စစ်သားအား မိမိဆုံးမမည့် အကြောင်းကိုပြော၍ မြန်မာများအား ပြန်လွှတ်လိုက်လေ၏။ မောင်ပြုံးချိုတို့လည်း ဂျပန်စစ်သားကိုထားခဲ့၍ ပြန်လာကြလေ၏။

မောင်ပြုံးချိုသည် ရုံးခန်းသို့ ပြန်ရောက်သောအခါ ဂျပန်စစ်သားတစ်ယောက် စောင့်နေသည်ကိုတွေ့ရလေ၏။

"ကိုပြုံးချို၊ ခင်ဗျားတွေ့ချင်လို့တဲ့" မောင်စံသိန်းက ဆီး၍ပြောလေသည်။

× × ×

## ၇။ မလွတ်လပ်သော လွတ်လပ်ရေး

ထိုဂျပန်စစ်သားသည် ကြယ်သုံးပွင့်ရ စစ်သားကြီးဖြစ်လေသည်။ မောင်ပြုံးချို အနားသို့ ရောက်လာသောအခါ "ဦးပြုံးချိုဆိုတာ ခင်ဗျားလား" ဟု ပီသသော မြန်မာစကားနှင့်မေးလေ၏။ မောင်ပြုံးချို၏မှုးနေသော မျက်လုံးသည် ပြူးသွားအောင်အံ့သြသွားလေ၏။ အံ့သြခြင်းမှ မပြေပျောက်သေးမီ ကရားရေလွှတ်စကားဆက်ပြန်လေ၏။

mgyoe.com

 mgyoe.com


"ဘယ့်နှယ်လဲ ဟာန်ရဲ့လား"

"သခင် သာဂိကတော့ စိတ်ချပါလို့ပြောတာပဲ"

"မမကြီးကတော့ သူ့ကိုလာတွေ့ဦးလို့မှာလိုက်တယ်"

"ဒါလောက် အနှစ်နာခံရပြီး ဒီရာထူးလောက် ပေးလို့တော့ မလွှမ်းပါဘူး"

"ကျုပ်တို့များ သူတို့ရွေးကောက်ပွဲတုန်းက အားတက်သရော ဆောင်ရွက်လိုက်ရတာ။ အခုတော့ အရေးတောင်မလုပ်ချင်ဘူး"

"ဟိုတုန်းက အတူတူလည်ပင်းဖက်ပြီး ငတ်လာရတဲ့လူတွေပါဗျာ။ အခုမှပဲ သူတို့ဆီဝင်ရင် အခွင့်တောင်းဝင်ရမယ်ဆိုတော့ အသည်းနာသဗျာ"

အထက်ပါလေသံများသည် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ ဝိုင်းဖွဲ့စကားပြောနေကြရာမှ စီရရီ ထွက်ပေါ်လာလေ၏။

မောင်ပြုံးချိုသည် တစ်ခုသောလှေကားထစ်ဝ၌ ဆောင့်ကြောင့် ထိုင်ရင်း တစ်မုဟုတ်ချင်း အပြောင်းအလဲမြန်လှသော လောကကြီးကို ဆင်ခြင်သုံးသပ်လျက်ရှိလေ၏။ အချို့သောအရာရှိဟောင်းများသည် ရွှင်ပျသောမျက်နှာထားကိုဆောင်လျက် နိုင်ငံရေးသမားအခေါ်ခံသူများနှင့် ဝင်ထွက်သွားလာလျက်ရှိကြကုန်၏။ အချို့သော အရာရှိဟောင်းများသည် မျက်လွှာ ချကာ ညှိုးငယ်သော အသွင်ဖြင့် အလုပ်ရှာကြွတော်မူ လာကြကုန် ၏။ ဟိုစဉ်က အင်္ဂလိပ်လိုဝတ်ဆင်ကာ မော်တော်ကားကြီးကို အခံ့စားစီးလျက် မော်ချင်တိုင်းမော်ခဲ့သူများလည်း ခေါင်းပေါင်းကို မပေါင်းတတ်ပေါင်းတတ်ပေါင်းကာ မြန်မာအဝတ်အစားကို ဖိုသီဖတ်သီဝတ်ဆင်လျက် ဆိုက်ကားနှင့်တစ်မျိုး၊ ခြေကျင်တစ်သွယ် အလျှိုလျှိုရောက်လာကြလေကုန်၏။

မောင်ပြုံးချိုသည် ထိုင်ရာမှထ၍ ယောင်လည်လည်နှင့်လမ်းသလားနေပြန်လေ၏။ အောက်လွှတ်တော်အဆောက်အဦ ဆင်ဝင်နားသို့ ရောက်သွားလေ၏။ အတွင်းခန်းထဲတွင် အရေးပါအရာရောက်သောလူကြီးတစ်စုတို့သည် မိမိတို့ဆိုင်ရာ ပါတီဝင်များအလုပ်ရရေးအတွက် အပတ်တကုတ် ကြိုးစားအားထုတ်နေကြကုန်၏။ မိမိဆိုင်ရာ အဆက်များကိုတွေ့

mgyoe.com

ရန် ဆင်ဝင်အောက်တွင် လူပေါင်းငါးဆယ်ခန့်လည်း တမော့မော့နှင့် စောင့်မျှော်နေကြလေသည်။

ခဏမျှကြာသောအခါ ကာကီရောင်ဆီဒင်မော်တော်ကားကြီးတစ်စီးသည် ကျယ်လောင်စွာဟွန်းနှိပ်လျက် မနှေးမမြန်မောင်းနှင်လာလေ၏။

"ဖယ်ကြပါ ဖယ်ကြပါ" ပြောပြောဆိုဆို ဆင်ဝင်အောက်တွင် ရပ်နေသော ပုလိပ်အရာရှိတစ်ယောက်သည် လက်တွင်ကိုင်ထားသော ကြိမ်လုံးနှင့် ယမ်းကာ ပြု၍ ရပ်နေကြသောလူများကို နှင်လေ၏။ လူအများတို့သည် မော်တော်ကားတိုက်မည်ထက် ပုလိပ်၏ကြိမ်လုံးစကြောကို ရွံ့သောကြောင့် အရေးတကြီး ရှောင်ဖယ်ပေးကြရာ အချို့လူများမှာ တစ်ယောက်နှင့်တစ်ယောက် တိုက်၍လဲကြလေသည်။ လူကြီးတစ်ယောက်မှာကား အနီးတွင်ရှိသောပန်းအိုးကို နောက်ပြန်တိုက်၍ လဲကျသွားလေရာ "ငါ့ လခွေး" ဟု ရေရွတ်ရင်း ကျွတ်နေသောခေါင်းပေါင်းကို ကောက်ယူ၍ အားယူ ထကာ မိမိဦးခေါင်းကို ပြန်ရစ်နေလေ၏။

မောင်းလာသော မော်တော်ကားကြီးသည် ဆင်ဝင်အောက်တွင် ထိုး၍ ရပ်လိုက်လေသည်။ ကြိမ်လုံးနှင့် ယမ်းသောပုလိပ်က တံခါးဖွင့်ပေးလေသည်။ ဒေါက်တာဘမော်သည် ပွင့်နေသောတံခါးမှ ထွက်ကြွလာကာ တည်ငြိမ်သောဣန္ဒြေနှင့် အတွင်းခန်းသို့ ကြွလှမ်းတော်မူလေ၏။ သူ့ နောက်မှ ဂျပန်စစ်ဗိုလ်ကလေးတစ်ယောက်သည် "သက်တော်စောင့်" အဖြစ် ပါသွားလေ၏။ အနီးတွင်ရှိသောပရိသတ်သည် ရှေ့သို့ တိုးသူတိုး၊ ကိုယ်ကို ယိမ်းသူယိမ်း၊ ခြေဖျားထောက်သူထောက်နှင့် ခေါင်းဆောင်ကြီး၏မျက်နှာတော်ကို ဖူးမြော်ကြကုန်၏။ ခေါင်းဆောင်ကြီးကား ထိုနေ့တွင် တစ်ကိုယ်လုံးအဖြူဆင်လာသည်။ ဓားမဦးထုပ်လည်း ပိုးအဖြူ၊ ခါး အချွန်၊ လက်ကျပ်အင်္ကျီ၊ အတွင်းခံအင်္ကျီ ပုဆိုးဖိနပ် ခြေအိတ်အားလုံး အဖြူများဖြစ်သည့်ပြင် သူ့အသားကလည်းဖြူသောကြောင့် ကျောက်ရုပ်ကို အသက်သွင်းထားသည်နှင့်တူလှပေ၏။

"သိပ်ကျက်သရေရှိတာပဲ"

"သူကတော့ ဘယ်လိုဝတ်ဝတ်ကြည့်ကောင်းတာပဲ"

"သူ့လိုလူမျိုး တစ်ယောက်ရှိတာလည်း မြန်မာတွေ ဂုဏ်ယူစရာပဲ"

mgyoe.com

mgyoe.com


"ခင်ဗျား သူ့အင်္ဂလိပ်လို တရားဟောနားထောင်ဖူးလား၊ အို သိပ်ကောင်းတာပဲ"

အလုပ်လျှောက်ရန်လာသူများသည် အမျိုးမျိုးချီးကျူးထောမနာ၍ သြဘာပေးနေကြလေသည်။

မောင်ပြုံးချိုသည် ထိုနေရာမှထွက်ခဲ့ပြီး အခန်းကြီးတစ်ခုအတွင်းမှ ဆူညံသောအသံကိုကြား၍ ဝင်သွားလေရာ လူပေါင်းတစ်ရာခန့်သည် လျှောက်လွှာစက္ကူများကို ကိုယ်စီကိုယ်ငကိုင်ကာ အခန်းငယ်တစ်ခုကို ဦးတိုက်လျက် နှစ်ယောက်တစ်တွဲ စီတန်းနေကြသည်ကို တွေ့ရလေ၏။

ထိုလူတန်းရှည်ကြီးထဲတွင် မောင်ပြုံးချို၏မိတ်ဆွေများ အမြောက်အမြားပါရှိလေရာ သူ့ကိုမြင်သောအခါ "လာဗျို့ ကိုပြုံးချို။ ရပ်ကြည့်လို့ အမြတ်မရှိဘူး၊ တိုးကြည့်မှ တန်ခိုးရှိမယ်" ခေါ်သူက ခေါ်ကြ၍ "ကိုကြီးပြုံး ကျွန်တော်တို့ဖြစ်ပုံကို စာတစ်ပုဒ်လောက် စပ်လိုက်စမ်းပါ" ဟု နောက်သူက နောက်ပြီးလျှင် "ကိုပြုံးချိုက ဒီအလုပ်လောက်တော့ ဘာဂရုစိုက်မလဲ။ သူက အဆက်ကောင်း ပလဲဘ ဆရာကွ၊ အရိုးကျိုးတာတောင် ဆက်နိုင်တယ်"ဟု ပြောင်သူက ပြောင်ကြလေ၏။

မောင်ပြုံးချိုက သူငယ်ချင်းများနောက်ပြောင်ကြသည်ကို ဂရုစိုက်မနေဘဲ "ဘာလုပ်ကြတာလဲ"ဟု မေးလေ၏။

"ဟိုမှာ မမြင်ဘူးလား" သူငယ်ချင်းတစ်ယောက်က နံရံတွင်ချိတ်ထားသော "အတွင်းဝန်ရုံးများတွင် လုပ်ကိုင်ရန်အတွက် ပညာတတ်များ အလိုရှိသည်။ ယနေ့ နံနက် ၁၀ နာရီတွင် ဤအခန်း၌လျှောက်ထားနိုင်သည်"ဟူသော ကြော်ငြာစာကိုတွေ့ရလေ၏။

မောင်ပြုံးချိုလည်း လျှောက်လွှာတစ်စောင်ကို ကပျာကသီရေးကာ ထိုလူတန်းရှည်ကြီးကို အလယ်မှဖြတ်ဝင်လေရာ

"ဟေ့ မတရားမလုပ်နဲ့"

"မောင်ပြုံးချို အလိုမရှိ"

"ခနရှင်စနစ် ပျက်စီးပါစေ" ဟူသောအသံများနှင့် ဆူညံတိုးဝှေ့လျက်ရှိစဉ် ပုဆိုးတောင်ရှည်၊ ပိတ်ရင်ဖုံးခေါင်းပေါင်းစထောင်ထောင်နှင့် လူကြီးတစ်ယောက်ဝင်လာမှ မီးကိုရေနှင့်သတ်လိုက်သကဲ့သို့ တိတ်သွားလေ၏။

mgyoe.com

mgyoe.com

ထိုလူကြီးသည် စပရိန်တံခါးတိုကလေးကိုတွန်းကာ အခန်းငယ်ကလေးအတွင်းသို့ ဝင်သွားလေ၏။ တံခါးဝတွင် မျက်နှာရှုသိုးသိုးနှင့် လူတစ်ယောက်လာရပ်ကာ "ညာ" ဟု အော်၍ တံခါးလေးကို ဖွင့်ပေးရာ လက်ယာဘက်ကလူသည် အခန်းတွင်းသို့ ဝင်ရလေ၏။ ထိုလူ ပြန်ထွက်လာသောအခါ အပေါက်စောင့်က "ဘယ်" ဟု အော်လိုက်ပြန်ရာ လက်ဝဲဘက်မှလူသည် အတွင်းခန်းသို့ ဝင်ရလေ၏။ ဤနည်းဖြင့် အပေါက်စောင့်သည် "ဘယ်–ညာ–ဘယ်–ညာ" နှင့် သီကျူးလျက်နေလေ၏။ အလုပ်လျှောက်သူများလည်း တစ်ယောက်စီဝင်၍ မိမိတို့လျှောက်လွှာများကို ဆက်သကြကုန်၏။

မောင်ပြုံးချို အလှည့်သို့ရောက်သောအခါ အခန်းတွင်းသို့ ခြေဖျားထောက်ကာဝင်သွား၍ လျှောက်လွှာကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ရိုသေစွာ ဆက်ကပ်လိုက်လေ၏။

ထိုလူကြီးသည် လျှောက်လွှာကို သေသေချာချာ ဖတ်ရှုပြီးလျှင် "မောင်ရင် ဘာအလုပ်လုပ်ချင်သလဲ" ဟု မေးလေ၏။

"ဦးမင်း ကြည့်ပြီးမစပါခင်ဗျာ"

"မောင်ရင် ဘီအေ အောင်ပြီးသားနော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"နိုင်ငံရေးအတွက် ဘာများဆောင်ရွက်ခဲ့သတုံး"

"ဟာ နိုင်ငံရေးအတွက် အများကြီးဆောင်ရွက်ခဲ့ပါတယ်"

"အင်း ပြောစမ်းပါဦး"

"ကျွန်တော် သပိတ်မှောက်ကျောင်းသားဟောင်းပါ။ ၁၉၃၉ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့ ဒီရုံးကြီးဝိုင်းတုန်းက ကျွန်တော်ပါတာပေါ့။ ပုလိပ်တွေရိုက်လို့ ဗိုလ်အောင်ကျော်တောင် သေပါသေးလား။ ဦးမင်း သတိရမှာပေါ့၊ ကွဲတဲ့သူကွဲ လဲတဲ့လူလဲနဲ့။ ကျွန်တော်တောင် အပြေးကောင်းလို့ လွတ်တာ။ ကျွန်တော့်လေယာဉ်ပျံဖိနပ်တစ်ရန်လည်း ဆုံးရော"

ထိုလူကြီးသည် မောင်ပြုံးချိုအား ပြုံးပြုံးကြီးစိုက်ကြည့်နေလေ၏။ မောင်ပြုံးချိုက ဆက်ပြန်လေ၏။

"ပြီးတော့ မန္တလေးမယ် မြို့သူမြို့သား ကျောင်းသားတွေ ဘုန်းကြီး

mgyoe.com

mgyoe.com


တွေ စိတ်နှလုံးမလွှတ်ဘဲ ပြုစုတာကို သေနတ်နဲ့ပစ်တုန်းကလည်း အဲဒီစိတ်နှလုံး လမ်းလျှောက်တဲ့အထဲ ကျွန်တော်ပါတာပေါ့။ အာဇာနည် ဆယ့်ခုနစ်ဦး အနိစ္စရောက်တာ ဦးမင်းမှတ်မိပါလိမ့်မယ်။ ပြီးတော့ မြို့ထဲမှာ သပိတ် တရားပွဲတွေ လုပ်တုန်းကလည်း ကျွန်တော်ဟာ အရေးပါအရာရောက်တဲ့ လူတစ်ယောက်ပါပဲ" မောင်ပြုံးချိုသည် မိမိ၏နိုင်ငံရေးရာဇဝင်ကို ဠိကာ ချဲ့နေလေရာ အလုပ်ပေးနိုင်လိမ့်မည်ဟု ထင်ရသောလူကြီးသည် မချို မချဉ်ကင်ပွန်းရွက်ဟင်းချိုကဲ့သို့သော မျက်နှာမျိုးနှင့် (ဘမော် ဘဦးတို့က ရှုပ်သနော်) ဆိုတဲ့ သီချင်းကလေးများကော မဆိုဘူးလား" ဟု ရုတ်တရက် မေးလိုက်လေ၏။

"ဟာဆိုဖူးတာပေါ့။ ဒီသီချင်းက အလိုက်လည်းကောင်း၊ ဆိုလို့လည်း လွယ် အတော်ဆိုလို့ကောင်းတယ်။ အိုသီချင်းများ အသံကုန်ဟစ်ပြီး ဆိုလိုက်ရရင် မပြောပါနဲ့တော့" မောင်ပြုံးချို၏စကားမဆုံးမီ ထိုလူကြီးက ကြားဖြတ်၍ "အေး . . .အေး မပြောပါနဲ့တော့ကွယ်၊ မောင့်လျှောက်လွှာ ထားခဲ့ပေါ့၊ ဦးကြည့်လုပ်လိုက်မယ်"ဟု ပြောပြီး "ဟေ့ တစ်ယောက်ခေါ် ဟေ့" ဟု အပေါက်စောင့်ကို အမိန့်ပေးလိုက်လေ၏။ မောင်ပြုံးချိုလည်း မချင့်မရဲနှင့် ထွက်ခဲ့ရာ "ကိုပြုံးချို ကွန်ဂရက်ကျူလေးရှင်း"

"သေချာပြီဟေ့"

"ထမင်းကျွေးရမယ်ဟေ့" ဟု အပြင်တွင်ရပ်နေသူများက ဝမ်းမြောက် စကား ပြောကြားကြလေ၏။

မောင်ပြုံးချိုသည် ထိုအခန်းထဲမှ ထွက်လာခဲ့ပြီးနောက် အောက်လွှတ် တော် အဆောက်အဦအနီးသို့ ရောက်သောအခါ သူ၏ချစ်လှစွာသော သူငယ်ချင်းမောင်ပေါက်ကြိုင်းနှင့် ပက်ပင်းပါတွေ့နေလေ၏။ သူတို့နှစ် ယောက်သည် တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ နှုတ်ဆက်ကြပြီးနောက် အလုပ်အကြောင်း စကားစကြပြန်လေ၏။

"ဘယ့်နှယ်လဲ ခင်ဗျားဘာကိစ္စလာတာလဲ" မောင်ပြုံးချိုက မေးလေ၏။

"အလုပ်အတွက်လာတာပဲ၊ တောင်ငူမှာ ပြန်ရလိမ့်မယ်"

"သေချာပြီလား"

"သေချာသလောက်ပါပဲ၊ ခင်ဗျားကော"

mgyoe.com

mgyoe.com


"သေချာသလောက်ပါပဲ"

"ဘယ်လိုသေချာတာလဲ ပြောစမ်းပါဦး"

"အခုပဲ လျှောက်လွှာတင်ခဲ့တယ်။ နိုင်ငံရေးဆောင်ရွက်ချက်တွေ မေးတော့ ဒီရုံးကြီးဝိုင်းတာတွေ၊ မန္တလေးမှာ စီတန်းလှည့်တာတွေ ပြောခဲ့တယ်"

"နေပါဦး၊ ဘယ့်သူဆီမှာတင်ခဲ့တာတုံး"

"ဟိုဘက် အခန်းထဲကဗျာ၊ ပိန်ပိန်နားထဲမှာ အမွေးခပ်ရှည်ရှည် ပေါက်နေတဲ့လူကြီးဟာ"

"အမယ်လေး ကိုယ့်လူရ ခားမကြီးဗျ။ ခင်ဗျားဒါတွေ သွားပြောလို့ ဘယ်ရမလဲ"

"မသိပါဘူးဗျာ။ သူက ဘမော် ဘဦးတို့က ရှုပ်သနော် ဆိုတဲ့သီချင်းများ မဆိုခဲ့ဘူးလားမေးလို့ ဆိုခဲ့တဲ့အကြောင်းပြောခဲ့ရသေးတယ်"

"အမယ်လေး . . .လေ . . .၊ ခင်ဗျား လျှောက်လွှာတော့ အခုနေ အိမ်သာထဲ ရောက်နေရော့မယ်"

သူတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေကြလေသည်။ အတန်ကြာမှ မောင်ပေါက်ကြိုင်းက "ခင်ဗျားမယ် သားနဲ့ မယားနဲ့ အလုပ်ရမှဖြစ်မယ်။ ကျုပ်တို့ အတွင်းဝန်ကိုကျော်သိန်းကို သွားကြည့်မယ်" ဟု ပြောလေ၏။

"ဟန်ပါ့မလားဗျ" မောင်ပြုံးချိုက အားငယ်သောအသံနှင့် ပြောလေ၏။

"ဟန်လိုဟန်ငြားပေါ့ဗျာ။ ခင်ဗျားလည်း သိတယ်မဟုတ်လား"

"သိတော့ သိတာပဲ၊ ကျောင်းနေတုန်းကတော့ အင်းလျားသွားပြီး နောက်ပိုးသွားချင်တာ ဖိနပ်ကောင်းကောင်းမရှိလို့ ကျွန်တော့်ဆီက ငှားစီးသေးတယ်။ အခုတော့ အတွင်းဝန်တို့ အပြင်ဝန်တို့ ဖြစ်နေတော့ သိချင်မှ သိတော့မှာ"

"ဟန်ကြီးပန်ကြီးလုပ်ရင် ဆဲပြီးပြန်ထွက်လာတာပေါ့ဗျာ"

သူတို့နှစ်ယောက်သည် ရုံးခန်းအနီးသို့ ရောက်သောအခါ(မင်းစေ)အား သူတို့၏နာမည်များကို စာရွက်လေးတစ်ရွက်ပေါ်တွင် ရေး၍ပေးလိုက်လေ၏။

mgyoe.com

mgyoe.com


(မင်းစေ)သည် အထဲဝင်သွားပြီးနောက် ပြန်ထွက်လာပြီးလျှင် "ဝင်ခဲ့ပါတဲ့" ဟု အကြောင်းပြန်မှ နှစ်ယောက်သား အခန်းတွင်းသို့ ဝင်သွားကြလေ၏။

အတွင်းဝန်မင်းကား ဆံပင်ကလည်း ခပ်ဖွားဖွား၊ အသားခပ်ညိုညို သေးသွယ်သောမျက်နှာတွင် မျက်မှန်ကြီးနှစ်ကွင်းသည် တလက်လက် တောက်ပလျက် ပိန်လျသောခန္ဓာကိုယ်ကြောင့် ဝါးခြမ်းပြားကို အင်္ကျီဝတ်ပေးထားသည်နှင့်ခပ်ဆင်ဆင်

သူသည် ဧည့်သည်နှစ်ယောက်အား သွားကိုဖြီး၍ နှုတ်ဆက်ပြီးလျှင် ပခုံးကိုအညောင်းဆန့်သကဲ့သို့ ရှေ့ထိုးနောက်ငင်လုပ်လိုက်လေ၏။

"ကဲ ထိုင်ကြဗျာ" မောင်ပြုံးချိုတို့ ထိုင်မိသောအခါ သူသည် စာရေးခြင်းကိုရပ်ဆိုင်း၍"ဘာကိစ္စလဲဗျ ဆိုစမ်းပါဦး" ဟုကိုယ်ကိုရှေ့သို့ကိုင်း၍ မေးလေ၏။

"ကိစ္စကတော့ အလုပ်လိုချင်လို့ပဲ" မောင်ပေါက်ကြိုင်းက တဲ့တိုး ပြောလိုက်လေ၏။

"ဘယ်လိုအလုပ်မျိုးလဲ၊ ခင်ဗျားအတွက်လား"

"ကျွန်တော့်အတွက်ကတော့ သေချာပြီးပါပြီ။ ဟောဒီက ကိုပြုံးချို အတွက်ပါ"

"ခင်ဗျား ဘီအေအောင်ပြီးသားနော်" မောင်ပြုံးချိုဘက်သို့ လှည့်၍ မေးလေ၏။

"ဟုတ်ပါတယ်"

"ဘယ်အလုပ် လုပ်ချင်တာလဲ"

မောင်ပြုံးချိုက စဉ်းစား၍နေစဉ် "အုပ်ချုပ်ရေးဘက်ကပေါ့ဗျာ" ဟု မောင်ပေါက်ကြိုင်းက ဝင်၍ဖြေလေ၏။

"အေးဗျာ . . . လျှောက်လွှာနှစ်စောင် ရေးပြီးထားခဲ့လေ၊ ရနိုင်စရာ အကြောင်းရှိပါတယ်"

မောင်ပြုံးချိုသည် ပြောသည့်အတိုင်း လျှောက်လွှာနှစ်စောင်ရေးပြီး နောက် အတွင်းဝန်မင်းလက်သို့ ဆက်ကပ်ပြီးနောက် ပြန်ထွက်လာကြလေ၏။

mgyoe.com

mgyoe.com

၉။ မမျှော်လင့်ဘဲလျက်

မောင်ပြုံးချိုတို့ ခေတ္တနေထိုင်လျက်ရှိသောအိမ်သည် အတွင်းဝန်ရုံးနှင့် အလွန်နီးကပ်လျက်ရှိရာ ရန်ကုန်မြို့သို့ အလုပ်အတွက်ရောက်ရှိနေသူများနှင့် အလည်အပတ်ရောက်ရှိနေကြသော မိတ်ဆွေသူငယ်ချင်း အပေါင်းတို့သည် နေ့ခင်းအခါတွင် ထိုအိမ်မှာပင်ဆုံစည်း၍ တိုင်ပင်နှီးနှော ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆို၍နေတတ်ကြလေသည်။

ထိုနေ့တွင် မောင်ပြုံးချိုတို့အိမ်၌ အထူးလူစည်ကားလျက်ရှိတော့သည်။ အချို့လူငယ်များမှာ ကျောင်းထွက်စ အရာရှိဟောင်းများ ဖြစ်ကြ၍ အချို့မှာလည်း တိုက်ပွဲဝင်ခဲ့ဖူးသော ဘီအိုင်အေစစ်ဗိုလ်ဟောင်းများ ဖြစ်ကြသည့်ပြင် အချို့မှာ တက္ကသိုလ်စာရေးဆရာများဖြစ်ကြလေသည်။ သူတို့သည် မောင်ပြုံးချို၏ဇနီးတည်သော လက်ဖက်ရည်ကြမ်းကို ခွက်လှည့်သောက်နေကြလေ၏။

သူတို့သည် တစ်ခါတစ်ရံ၌ စာအုပ်တစ်အုပ်ကိုဝေဖန်လျက် ရှိကြ၏။ တစ်ခါတစ်ရံ၌ မိမိတို့သာ အစိုးရအရာရှိဖြစ်ခဲ့လျှင် တိုင်းသူပြည်သားတို့အတွက် မည်ကဲ့သို့ဆောင်ရွက်လိုက်မည်။ အချို့ကလည်း အစိုးရအလုပ်ကို ဝါသနာမပါကြောင်း အစရှိသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုနေကြရာမှ ငြင်းသူငြင်း၊ စောဒကတက်သူတက်၊ ပြောင်သူပြောင် လှောင်သူလှောင်နှင့် ပျော်စရာလောကကြီးကို ဖန်တီးလျက်ရှိစဉ်တွင် လှေကားမှ တဒိုင်းဒိုင်းနှင့် တက်ပြေးလာသောအသံကို ကြားရပြီးနောက် ချစ်တီးဘုရားကြီး ကိုယ်ထင်ပြသကဲ့သို့ ထွန်းဝင်းကြီးသည် အခန်းတွင်းသို့ ဝင်လာလေ၏။ သူသည် သပိတ်လုံးကဲ့သို့ မည်းနက်သောမျက်နှာမှ ချွေးများကို ပဝါဖြူနှင့်သုတ်ရင်း "ကွန်ဂရက်ကျူလေးရှင်း" ဟုဆိုကာ မောင်ပြုံးချို၏ လက်ကို ဆွဲ၍ခါလေ၏။ မောင်ပြုံးချိုသည် အကြောင်း မသိသောကြောင့် ကြောင်တက်တက်ဖြစ်နေပြီးလျှင် "ဘာလဲဗျ" ဟု မေးလေ၏။ အခြားသူများလည်း သူ့ကိုသာ စိုက်၍ကြည့်နေကြလေ၏။

"ခင်ဗျားနာမည် ဂေဇက်ထဲမှာပါတယ်။ အလုပ်သင်မြို့အုပ် သာယာဝတီတဲ့"

"ဘယ်မှာတွေ့ခဲ့သလဲ" အားလုံးဝိုင်း၍ မေးကြလေ၏။

mgyoe.com

mgyoe.com


"ဟိုရုံးမှာ ဂေဇက်ကပ်ထားတယ်"

"ခင်ဗျားကော"

"ကျွန်တော်မပါဘူး"

"ကျွန်တော်ကော" မောင်ပေါက်ကြိုင်းက မေးလေ၏။

"ခင်ဗျားနာမည်လည်း မတွေ့ဘူး"

"ကိုဗိုလ်နီကော" မောင်ပေါက်ကြိုင်းက မေးပြန်၏။

"သူ့နာမည်လည်း မမြင်ဘူး"

"ဟာ ခင်ဗျားဟာ မဟုတ်သေးပါဘူး။ လာသွားကြည့်ကြမယ်" ဆို၍ ထွက်သွားကြလေ၏။ အတန်ကြာသောအခါ သူတို့ ပြန်လာကြလေ၏။ သူတို့လည်း လမ်းမကတည်းက ဆူညံလာကြသည်။ သူတို့အလုပ်မရ သည်ကိုဝမ်းမနည်းနိုင်၊ မောင်ပြုံးချိုအတွက် ဝမ်းမြောက်နေကြသည်။

"မင်းကတော် ခင်ဗျား၊ ကျွန်တော့်အမှုလွတ်အောင် မြို့ပိုင်မင်းကို ပြောပေးပါခင်ဗျာ" ဟု အော်သူအော်၊ "မြို့အုပ်မင်း ကျောင်းတကာ မာပါစေ ဟောန္တု၊ သာပါစေ ဟောန္တု၊ တစ်အိမ်လုံး တစ်ရပ်လုံး အားလုံးကုန် ဟောန္တု" ဟု ဦးပုည မေတ္တာစာကို ရွတ်သူရွတ်နှင့် ဆူညံနေတော့သည်။

ထို့နောက် မောင်ပေါက်ကြိုင်းက နေရာမှထတဲ့၍ "တိတ်စေ"ဟု အော် လိုက်ရာ အားလုံးငြိမ်သွားလေ၏။

သူသည် ဗယာကြော်ထုပ်ကြီးကို သင်ဖြူးပေါ်တွင်ချ၍ဖြေကာ "ကဲ မြို့ပိုင်မင်း ဘိုင်ကျနေသောကြောင့် ပစောက်နဲ့မပိုင်ဘဲ ဘကုန်းနဲ့ ဘိုင်ရ မယ့် မြို့ဘိုင်မင်းနှင့်တကွ မင်းကတော်ပါ သားကလေး တင်မောင်ဝင်းတို့ ခင်ဗျား၊ ကျွန်တော်တို့အလုပ်မရလိုက်သော သူငယ်ချင်းအပေါင်း ကြမ်းပိုး လောင်းတို့က ဖဲယားဝဲလ် ဗယာကြော်ပါတီပေးပါတယ်။ ဤဗယာကြော် ၏အကျိုးအာနိသင်ကြောင့် ဘေးဘယာက ဝေးကွာတော်မူကြပါစေဗျား" ဟုဆို၍ တိုင်လိုက်ရာ "အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း" ဟု သံပြိုင်ဆိုလိုက်ပြီး (ဘေ . . .ဘုံ . . .ထိ)ဟု စည်တီးသူက တီးပေး သောကြောင့် ထွန်းဝင်းကြီးသည် ထိုင်ရာမှထကာ ကွေးနေအောင်ကလေ သတည်း။

mgyoe.com

mgyoe.com


၁၀။ လူထုနှင့်အစိုးရအရာရှိ

“ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သားစုဆောင်းရေးအတွက် မြို့ပိုင်ကလေးနှင့်မြို့နယ်မှူးတို့ နက်ဖြန် နံနက် (၈) နာရီအချိန် ရွာဦးကျောင်းတွင် တရားဟောမည်ဖြစ်၍ တစ်အိမ်တစ်ယောက်လာကြရမည်။ ပျက်ကွက် က ဒဏ်ငွေငါးကျပ် သို့မဟုတ် ထောင်ဒဏ်အပြစ်ပေးခြင်းခံရလိမ့်လည်” ဟူသော အထူးအာဏာရ သူကြီးမင်းဦးဘိုးဝ၏ အမိန့်တော်ကို ယမန်နေ့ ညနေစောင်းကတည်းက ရွာဆော်မင်း ဦးလှဘော်သည် တစ်ရွာလုံးနံ့စပ်အောင် ကြော်ငြာထားသည့်အတိုင်း ရွာဦးကျောင်းဓမ္မာရုံအတွင်းဝယ် ဆူးပုတ်ကုန်း ရွာသူရွာသားတို့နှင့် ပြည့်နှက်လျက်ရှိလေ၏။

အချို့လူငယ်များလည်း ဗမာ့တပ်မတော်ဟူသော အသံကိုကြားရုံမျှနှင့် ရဲစိတ်ရဲမာန်တွေ တက်ကြွပြီး ဝင်ရောက်အမှုထမ်းမည်ဟူသော စိတ်ဓာနှင့် ဘာတွေများ ပြောဟောမည်နည်းဟု နားထောင်ရန် လာရောက်ကြလေသည်။ အချို့လည်း ဝတ်ကျေဝတ်ကုန် တစ်အိမ်တစ်ယောက် ဟူသော သူကြီးမင်း၏အမိန့်ကြောင့်သာ လာရသည်၊ စိတ်ဝင်စားခြင်းမရှိ။ ထို့ကြောင့် တရားနာပရိသတ်ထဲတွင် ခေါင်းဖြူစွယ်ကျိုး အဘိုးကြီး အမယ်ကြီးများအပြင် ကလေးနိတာရဲနှင့် သားသည်အမေများလည်းပါလေသည်။ သူတို့ သည် မြို့ပိုင်ကလေးနှင့် မြို့နယ်မှူးလာမည့်လမ်းဆီသို့ မကြာခဏ ကြည့်ရင်း စောင့်နေကြလေ၏။ မိန်းမလေးငါးယောက်မှာကား အချိန်ကို အလဟဿ မဖြုန်းဟူသော စိတ်ဓာတ်ဖြင့် သရက်ပင်ကြီးအရိပ်အောက်တွင် တစ်ယောက် နောက်တစ်ယောက်စီ၍ မြေကြီးပေါ်တွင်ထိုင်ချကာ ဆံပင်ကို ဖြေချပြီးလျှင် သန်းရှာနေကြလေ၏။

မြို့ပိုင်ကလေးနှင့် မြို့နယ်မှူးတို့စီးလာကြသော လှည်းယဉ်ကလေးသည် နှင်းဆမ်းထားသည့် ရိုးပြတ်များအကြားမှ လယ်ကွက်များကို ဖြတ်ကျော်ကာ ကျောင်းဆီသို့ မောင်းနှင်လာလေ၏။ လှည်းမောင်းသူ ဦးဘိုးပြန့်သည် မိမိနွားအစွမ်းကိုပြလိုသောကြောင့် တံပြာကိုဝေ့ကာဝေ့ကာ၊ နွားကိုတို့ကာ တို့ကာနှင့် အပြင်းနှင်လျက်ရှိရာ လှည်းပေါ်မှ လူနှစ်ယောက်မှာ မြောက်၍မြောက်၍ သွားလေ၏။ လှည်းကလေးသည် ခဏမျှကြာသော အခါ ကျောင်းပေါက်ဝတွင် လာ၍ရပ်လေ၏။

mgyoe.com

mgyoe.com


မြို့ပိုင်ကလေးသည် အကြောင်းမညီညွတ်သဖြင့် ဘောင်းဘီဝတ်၍ လာခဲ့ရာ ဘုန်းကြီးကျောင်းပေါက်ဝတွင် ရှူးဖိနပ်ကို ချွတ်နေရပြန်သော ကြောင့် အတော်ဟန်ပျက်နေလေသည်။ သူကြီးမင်းသည် တရားဟော ပုဂ္ဂိုလ်များအား ဇမ္ဗာရုံအတွင်းသို့ ရှေ့ဆောင်၍ခေါ်သွားလေ၏။ မြို့ပိုင် သည် သူ့ရှူးဖိနပ်ကို ဇမ္ဗာရုံအပေါက်ဝ လှေကားထိပ်တွင်ထားခဲ့ပြီး သူကြီး ခေါ်ရာသို့ လိုက်သွားလေ၏။

တရားဟောရန်အတွက် သူကြီးမင်း ပြင်ဆင်ထားသောနေရာ ဇမ္ဗာရုံ သည် ခြောက်ခန်းပတ်လည် သမံတလင်းခင်းလျက် အတော်ကျယ်ပြန့် သည်။ ဉာဏ်တော်ခြောက်တောင်ခန့် ဘုရားရှင်၏ ရုပ်ပွားတော်ကြီးသည် လည်း သပ္ပာယ်လှပါပေသည်။ ထိုရုပ်ပွားတော်ကြီး၏ ရှေ့တည့်တည့်တွင် တစ်ပေခန့်မြင့်သော တရားဟောပလ္လင်ကလေးတစ်ခုရှိလေသည်။ တရား ဟောပုဂ္ဂိုလ်များနှင့် ရပ်ရွာပေါ်ရှိ သူကြီးမင်းနှင့်တကွ ရာဇက္ကဋ္ဌမင်း၊ ဆယ် ဥက္ကဋ္ဌမင်း၊ ဆယ်အိမ်ခေါင်းမင်း၊ ရွာဆော်မင်းအစရှိသော မင်းအပေါင်းတို့ ထိုင်ရန်အတွက် တရားဟောပလ္လင်၏ရှေ့နားတွင် သင်ဖြူးအချောစား လေးချပ် ခင်းထားလေသည်။ မင်းမဟုတ်သည့် ရွာသူရွာသားရိုးရိုးများကို ကား ထိုမွန်မြတ်လှသော ဖျာများပေါ်တွင် ထိုင်ခွင့်မပြု။

တရားဟောပုဂ္ဂိုလ်များသည် မိမိတို့အားပေးအပ်သည့်နေရာတွင် အခုံသားတင်ပျဉ်ခွေထိုင်လျက် ဇမ္ဗာရုံတစ်ခုလုံး ပြည့်နှက်လျက်ရှိသော ပရိသတ်ကြီးကိုကြည့်ရင်း ပီတိဖြစ်နေစဉ် ကျောင်းထိုင်ဘုန်းတော်ကြီး ကြွလာ၍ တရားပလ္လင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေတော်မူပြန်ရာ တရား ဟောဆရာတို့သည် မိမိတို့ တင်ပျဉ်ခွေကိုဖြုတ်ပြီးလျှင် ဘုန်းတော်ကြီး ဘက်သို့ လှည့်ကာ လက်အုပ်မိုး၍ ရှိခိုးရလေ၏။

"ကဲ . . . လူစုံပြီထင်ပါရဲ့"ဟု သူကြီးမင်းက ပြောလိုက်ရာ . . .

"စုံပါပြီ" ဟု ရာဇက္ကဋ္ဌမင်းက အဖြေပေး၍ . . .

"ကဲ စုံရင် ငါးပါးသီလ ယူရအောင်"ဟုဆိုလိုက်လျှင် ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဦးချ၍ "ဩကာသ . . . ဩကာသ"ဟု ကန်တော့ ပန်းဆင် ကြလေတော့ရကား ဘောင်းဘီတိုနှင့် အထိုင်ရခက်နေသော မြို့ ပိုင်ကလေးမှာ သီလခံ၍မပြီးမချင်း အကျပ်အတည်းနှင့်တွေ့နေလေ၏။

mgyoe.com

သူသည် ဘုန်းတော်ကြီးရွတ်နေသည်ကိုလည်း မကြား၊ သူကိုယ်တိုင် ဘာဆိုနေသည်ကိုလည်း သတိမရ။

"တို့က ဒီရွာကို စစ်သားစုဆောင်းရေးအတွက် တရားဟောရအောင် လာတာ။ တို့မဟောရဘဲ တို့ကိုများ အဘိဓမ္မာတရား ပြန်ဟောလွှတ်မလို့ လား။ သူကြီးဆီ အမိန့်စာရေးတာများမှားသလား၊ တရားဟောလာမည် ဟု ရေးရမည့်နေရာ တရားနာလာမည်ဟုများ မှားရေးမိလေသလား။ ဒီလို လည်းမဖြစ်နိုင်ပါဘူး" မြို့ပိုင်လေးသည် တွေးချင်တိုင်း တွေး၍နေလေ၏။

ဘုန်းတော်ကြီးသည် "အပမာဒေန သမ္ပာဒေထ" နှင့်နိဂုံးချုပ်လိုက်ရာ ပရိသတ်ကလည်း "အာမဘန္တေပါအရှင်ဘုရား"ဟု ပါဠိမြန်မာစကားဖြင့် အဆုံးသတ်လိုက်ကြမှ မြို့ပိုင်လေးသည် အတွေးရပ်သွားလေ၏။

ပရိသတ်သည် အညောင်းဖြေရင်း နေရာပြင်ထိုင်ကြသည်။ ဘုန်း တော်ကြီးသည် "အဟမ်း . . . အဟမ်း" နှင့် အာခေါင်ရှင်းနေပြန်သော ကြောင့် "တရားများ ဆက်ဟောနေရင်တော့ ခက်တာပဲ"ဟု စိတ်ရှုပ်နေ စဉ် "မြို့ပိုင်ကလေးဆိုတာ ဘယ်သူလဲကွဲ့" ဟုမေးလေ၏။

"အရှင်ဘုရား ရှေ့ကပါဘုရား" ဟုသူကြီးမင်းက ဖြေ၏။ ဘုန်းတော် ကြီးသည် ကိုယ်ကိုရှေ့သို့ကိုင်း၍ ကြည့်သည်။

"ငါ့ရှေ့က ကုလားလိုဝတ်ထားတဲ့ လူလား"

မည်သူမှ အဖြေမပေးကြ။ မြို့ပိုင်ကလေးက ပြုံး၍ ဘုန်းတော်ကြီးကို ကြည့်သည်။

"နာမည်က ဘယ်သူတဲ့တုံး"

"မောင်ပြုံးချိုပါ ဘုရား" မြို့ပိုင်ကလေးက ဖြေ၏။

"အသက် ဘယ်လောက်ရှိပြီလဲ"

"အစိတ်ပါဘုရား"

"သြော် . . . သြော် ငယ်ငယ်ရှိပါသေးလား။ ဘယ်အရပ်ဇာတိလဲ"

"မန္တလေးကပါ ဘုရား"

"သြော် . . . သြော် မန္တလေးကကိုး။ မန္တလေးမယ် ဘုန်းကြီးတွေ သိပ်များတာပဲပေါ့။ တချို့ဘုန်းကြီးတွေ သိပ်မိုက်ဆိုပါကလား"

"အကောင်းလည်းရှိ၊ အဆိုးလည်းရှိပါတယ်ဘုရား"

mgyoe.com

mgyoe.com


"အေး . . . အေး မင်းလူတွေ သိပ်ထောင်မချနဲ့နော်"

"မှန်ပါဘုရား"

"ဟိုတစ်ယောက်က မြို့နယ်မှူးဆိုတာလား"

"မှန်ပါတယ်ဘုရား" မြို့နယ်မှူးက ဖြေလေ၏။

"မြို့နယ်မှူးနှင့် မြို့ပိုင်နဲ့ ဘယ်သူကကြီးတုံး"

"ဌာနတစ်ခုစီပါ ဘုရား။ မြို့ပိုင်ဆိုတာ အစိုးရအဖွဲ့ဝင်ဖြစ်ပါတယ်။ မြို့နယ်မှူးဆိုတာ မြို့နယ်အတွက် တို့ဗမာဆင်းရဲသားအစည်းအရုံးက ခန့်တာပါဘုရား" မြို့နယ်မှူးက ရှင်းပြလေ၏။

"တို့ရွာက ဘယ်သူဟဲ့၊ ဟိုကျေးရွာမှူး ဟုတ်လား။ သူကပြောတော့ မြို့နယ်မှူးဟာ မြို့ပိုင်တို့ သူကြီးတို့ကို ဖြုတ်ပစ်နိုင်တယ်ဆိုပါကလား"

"တိုက်ရိုက်ဖြုတ်နိုင်တယ်လို့ မဆိုပါဘုရား။ အစိုးရဘက်ကလူတွေ မတရားတာလုပ်ရင် ဆိုင်ရာက အရေးယူအောင် တိုင်ကြားနိုင်ပါတယ် ဘုရား"

"ဒါဖြင့် တကာကြီးတို့က စုံထောက်တွေပေါ့"

"ဆိုပါတော့ ဘုရား"

မြို့ပိုင်လေး မောင်ပြုံးချိုကား ဘယ်လိုမှဝင်၍မပြော၊ စကားရှည်မည်စိုး၍ ဆိတ်ဆိတ်သာနေလိုက်လေ၏။

"ကဲ ကဲဟောကြပါတော့။ မင်းတို့ တရားတွေ ငါလည်းနားထောင်ရဦးမယ်"

မြို့နယ်မှူးသည် မတ်တတ်ရပ်လိုက်လေ၏။ ထောင့်တစ်ထောင့်မှ ကလေးတစ်ယောက် စူးရှသောအသံနှင့်အော်လိုက်၍ မိခင်က စုတ်သပ်ရင်းချော့သံကို ကြားရသည်။

"အရင်တုန်းကဆိုရင် အခုလိုမြို့ပိုင်တွေ၊ အစိုးရအရာရှိတွေနဲ့ ကျုပ်တို့လို နိုင်ငံရေးသမားတွေ ယှဉ်တွဲ၍လာတာကို ခင်ဗျားတို့တွေ့ရမယ် မဟုတ်ဘူး။ အခုခေတ်ဟောင်းပျောက်လို့ ခေတ်သစ်ရောက်လာတဲ့အခါမယ် အစိုးရအရာရှိတွေရော နိုင်ငံရေးသမားရော တစ်ဦးနဲ့တစ်ဦး တိုင်တိုင်ပင်ပင် စခန်းသွားနေကြတာကို ခင်ဗျားတို့ မြင်ကြရပြီ" အစရှိသည်ဖြင့် နိဒါန်းစပျိုးပြီးလျှင် အင်္ဂလန်ပြည်အကြောင်း၊ အမေရိကန်နှင့် ရုရှား

mgyoe.com

mgyoe.com

အကြောင်းပါမကျန် မကောင်းတာတွေထုတ်နုတ်ပြီး တတ်သရွေ့ မှတ်သရွေ့ ပြောဟောပြီးနောက် ဂျပန်ကိုအမွှမ်းတင်ကာ ဋီကာချဲ့လျက်ရှိလေရာ ပရိသတ်အပေါင်းတို့သည် လှိုက်လှိုက်လှဲလှဲ စိတ်ဝင်စားလှသောကြောင့် တိုင်ကိုမှီ၍ ငိုက်သူငိုက်၊ ဆေးပေါ့လိပ်ကြီးနှင့် မှိန်းသူမှိန်း၊ နောက်ပိုင်းမှ အချင်းချင်းတီးတိုးပြောသူပြောလျက် ရှိကြကုန်၏။ တရားပလ္လင်ပေါ်မှ ဘုန်းတော်ကြီးမှာလည်း နောက်မှီကိုမှီပြီးလျှင် စက္ခုတော် အစုံကိုပိတ်၍ တစ်ချက်တစ်ချက်(ဂေါ . . . ဟော . . . ဂေါ)ဟူသော ဟောက်သံထွက် ပေါ်လာသောကြောင့် တက္ကသိုလ်ကျောင်းထွက် မောင်ပြုံးချိုသည် ဘုန်းတော် ကြီးကျိန်းစက်တော်မူနေပြီကို အလွယ်ကလေးနှင့် ကောင်းစွာ ရိပ်မိလေ၏။ တစ်နာရီခန့် ကြာသောအခါ မြို့နယ်မှူးသည် တရားဟောပြီးသွားလေ၏။ (မည်သူမျှ လက်ခုပ်မတီးကြ)

မြို့ပိုင်လေး မောင်ပြုံးချိုသည် တရားဟောရန် မတ်တတ်ရပ်လိုက်လေ၏။

"ဖတ် . . . ဖတ် . . . ဖတ် . . . ဖတ်"ဟူသော အသံကိုကြားရသောကြောင့် မိမိအားပွဲတောင်းသော လက်ခုပ်သံလေလောဟု သံသယမကင်းဖြစ်မိသဖြင့် အသံလာရာသို့ ကြည့်လိုက်ရာ မိန်းမခပ်ရွယ်ရွယ်တစ်ယောက်သည် မိမိသားငယ်ကို နို့တိုက်ရင်း ချစ်စနိုးသောကြောင့် တင်ပါးကို မနာအောင်ရိုက်နေသည်ကို တွေ့ရလေသည်။ သူသည် မြို့နယ်မှူး၏တရားကိုလည်း မနာလိုက်၊ မြို့ပိုင်လေး၏တရားကိုလည်း နာမည်မဟုတ်။ ပရိသတ်ကိုလည်း သူ သတိမထား။ ပတ်ဝန်းကျင်ကိုလည်း သူမမြင်။ သူ့ သားငယ်မျက်နှာကိုသာ သူကြည့်၍ ကြည်နူးနေသည်။ စင်စစ်အားဖြင့် ထိုအချိန်တွင် သူသည် ကမ္ဘာကြီးတစ်ခုလုံးကို သတိမေ့နေလေသည်။

မောင်ပြုံးချို တပ်မတော်ကြီး၏အရေးပါအရာရောက်ပုံ၊ စစ်တပ်မရှိသော လူမျိုးသည် အလွန်အောက်တန်းကျသည့်အကြောင်း၊ ဗမာ့တပ်မတော်သည် ဗမာ့ရန်သူဟူသမျှကို ဖြိုဖျက်မည့် စစ်တပ်ကြီးဖြစ်ကြောင်း အစရှိသည်ဖြင့် ဟောပြောလျက်ရှိစဉ် "ခင်ဗျားတို့ ဗမာ့ရန်သူဟာ ဘယ်သူလဲ သိလား"ဟု မေးလိုက်လေ၏။ မည်သူမျှမဖြေကြ။

"ဗမာ့ရန်သူဟာ ဘယ်သူလဲ" ထပ်၍မေးပြန်၏။

mgyoe.com